စိတ်ကူးချိုချိုအနုပညာ

# မတ်(ခ်)တွိန်း၏

# ကလေးဘဝ


## တင့်တယ်

မြန်မာပြန်


# THE BOY'S LIFE OF

# MARK TWAIN

ပြန်လည်ရိုက်နှိပ်ခြင်း




**by Elbert Bigflow Paine**



mgyoe.com

THE BOY'S LIFE OF MARK TWAIN

by Elbert Bigflow Paine

fic0020

1600.00 Ks

mgyoe.com

မတ်(ခ်)တွိန်း၏ကလေးဘဝ၊ တင့်တယ်
အပြင်အဆင် - အမ်အက်စ်အို၊ စာမျက်နှာ ၁၇၆ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဩဂုတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၅၉ ရှမဝစာအုပ်တိုက်၏ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၆၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်



# မတ်(ခ်)တွိန်း၏ ကလေးဘဝ

## THE BOY'S LIFE OF MARK TWIAN

by Elbert Bigflow Paine

တင့်တယ်
မြန်မာပြန်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၅

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# မာတိကာ


၁။ ကလီးမင်းမိသားစု မစ္စူရီနယ်သို့ ပြောင်းလာခြင်း ၁
၂။ ကျောင်းတွင်းနှင့် ပြင်ပ, ပညာရှာခဲ့ပုံ ၈
၃။ တွမ်ဆောယားနှင့် သူ၏အဖွဲ့ ၁၉
၄။ ပုံနှိပ်တိုက်လက်ထောက်ဘဝ ၃၇
၅။ အမေဇုန်မြစ်သို့ ခရီးရှည်ကြီး ၅၃
၆။ မြစ်ကြောင်း၌ ပျော်ခဲ့စဉ်က ၅၉
၇။ ရေကြောင်းပြနှင့် စစ်သား ၇၈
၈။ မတ်(ခ်)တွိန်းဘဝသို့ရောက်လာခြင်း ၈၆
၉။ ဟာဝေကျွန်းနှင့် စာဟောဆရာဘဝ ၁၀၃
၁၀။ တစ်နယ်ရပ်ခြားနှင့် အော်လီဗီယာလင်ဒန် ၁၂၀
၁၁။ စာအုပ်သစ်များနှင့် မင်္ဂလာဆောင် ၁၂၅
၁၂။ အိမ်သစ်တစ်လုံးနှင့် စာအုပ်သစ်များ ၁၂၉
၁၃။ နိုင်ငံခြား ခရီးသွားခြင်း ၁၃၃
၁၄။ ထုတ်ဝေသူ မတ်(ခ်)တွိန်း ၁၃၈
၁၅။ စာစီစက်"ဂျူး"နှင့် ဆုံးရှုံးမှုများ ၁၄၃


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ | ကမ္ဘာလှည့်ခြင်း၊ ကြွေးဆပ်ခြင်း | ၁၅၂ |
| ၁၇။ | နိုင်ငံရင်းမှ ဂုဏ်ထူးများ | ၁၅၅ |
| ၁၈။ | ဇနီးသည် ကွယ်လွန်ခြင်း | ၁၅၇ |
| ၁၉။ | အသက် (၇၀) ပြည့်မွေးနေ့ | ၁၆၀ |
| ၂၀။ | ကျွန်ုပ်နှင့် မတ်(ခ်)တွိန်း | ၁၆၄ |
| ၂၁။ | မတ်(ခ်)တွိန်း၏ဇာတ်သိမ်း | ၁၇၅ |


❐

mgyoe.com

mgyoe.com

# မတ်(ခ်)တွိန်း၏ ကလေးဘဝ

[၁]

## ကလီးမင်းမိသားစု မစ္စူရီနယ်သို့ ပြောင်းလာခြင်း

ရှေးအထက်ကျော်ကာရီ အချိန်တစ်ချိန်က ကလီးမင်းမိသားစုတို့သည် တယ်နယ်ဆီးနယ်အရှေ့ပိုင်း၊ ဝံပုလွေမြစ်ကမ်းရှိ"ပေါ်မော်"ခေါ် မထင်မရှားမြို့ကလေးမှ မစ္စူရီပြည်နယ်အရှေ့ပိုင်း ဆားမြစ်ကမ်းပေါ်ရှိ"ဖလော်ရီဒါ"အမည်ရှိ မထင်မရှားမြို့ကလေးသို့ ပြောင်းလာခဲ့ကြလေသည်။ သက္ကရာဇ်မှာ ၁၈၃၅ ခုနှစ်ဖြစ်ရာ မီးရထားလမ်းများမပေါက်သေး၍ ခရီးရှည်ကြီးကို မြင်းနှစ်ကောင်ဆွဲလှည်းဖြင့်လာခဲ့ကြ၏။ မိသားစုခေါင်းဆောင် ဂျွန်ကလီးမင်းနှင့် သူ့ဇနီးသားသမီးများသည် မြင်းရထားစီးကြ၏။ အပိုပါလာသော မြင်းနှစ်ကောင်တွင် တစ်ကောင်ကို သားအကြီးဆုံး ၁၀ နှစ်အရွယ် အိုရီယွန် ကလီးမင်းကစီး၍ ကျန်တစ်ကောင်ကို ဂျင်နီအမည်ရှိ ငွေဝယ်ကျွန်မကလေးက စီးလေသည်။

mgyoe.com

mgyoe.com


ရထားထဲတွင် အသက် ၈ နှစ်အရွယ် သမီးကလေးပမီလာ၊ ၅ နှစ်အရွယ်သမီး မာဂရက်နှင့် ၃ နှစ်အရွယ်သားကလေး ဘင်ဂျမင်တို့ ပါကြ၏။ အချိန်မှာ နွေရာသီဖြစ်ရာ ပတ်ဝန်းကျင်မှာ သာယာ၍နေလေသည်။

တယ်နယ်ဆီး၌ နေခဲ့စဉ်က ကလီးမင်းမိသားစုသည် အလွန်ဆင်းရဲ၏။ ဖခင်ဖြစ်သူ ဂျွန်မာရှယ်ကလီးမင်းသည် ပညာတတ် ရှေ့နေတစ်ဦးဖြစ်၏။ အကြံကြီးသောသူဖြစ်၍ စီးပွားပျက်နေသူဖြစ်လေသည်။ ဂျွန်ကလီးမင်းသည် ဗာဂျီးနီးယားနယ်တွင် မွေး၍ ကင်တာကီးနယ်တွင် ကြီးပြင်းလာ၏။ ထိုနယ်တွင်ပင် မိန်းမချော ဂျိန်းလင်ပတန်နှင့် အိမ်ထောင်ကျခဲ့၏။ ကင်တာကီနယ်မှ တယ်နယ်ဆီးနယ်သို့ တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့ကာ စီးပွားရှာခဲ့ရာ ရှေ့နေအလုပ်လည်း မထွန်းကားသောကြောင့် ကုန်စုံဆိုင်ဖွင့်ရ၏။ သို့သော် စီးပွားမဖြစ်ချေ။ မိဘများထံမှ အမွေရလိုက်သော ငွေဝယ်ကျွန်များမှာလည်း တဖြည်းဖြည်း လက်လွတ်ကုန်ရာ၊ ဂျင်နီတစ်ယောက်သာ ကျန်တော့၏။ အပိုင် ပစ္စည်းဆို၍ ဂျင်နီ အပြင် မြင်းလေးကောင်နှင့်ရထား၊ ငွေအနည်းငယ်နှင့် တယ်နယ်ဆီးနယ်ရှိ မြေယာအချို့ ဖြစ်လေသည်။ ထိုမြေများမှာ မြေရိုင်းများဖြစ်ကြ၏။ သို့သော် မကြာမီ ယာတောကြီးများ ဖြစ်လာလိမ့်မည်ဟု ဂျွန်ကလီးမင်းက စိတ်ကူးယဉ်ထားလေသည်။

"ရွှေချထားသောခေတ်"ဟူသော မတ်(ခ်)တွိန်းစာအုပ်ကို ဖတ်မိသူတိုင်း စာအုပ်ထဲ၌ပါသော ဟော်ကင်းမိသားစု တယ်နယ်ဆီးမှ မစ္စူရီနယ်သို့ ပြောင်းရွှေ့ကြပုံဇာတ်လမ်းမှာ ဂျွန်ကလီးမင်းမိသားစု ပြောင်းရွှေ့ခဲ့ကြပုံ တကယ့်ဖြစ်ရပ်များပေါ်၌ အခြေပြု၍ ရေးသားခဲ့ခြင်းဖြစ်သည်ကို သတိပြုမိကြပေသည်။ စာအုပ်ထဲတွင်ပါသော ကာနယ်ဆဲလားဆိုသူမှာလည်း အခြားလူမဟုတ်။ တကယ့်ဖြစ်ရပ်တွင်

mgyoe.com

mgyoe.com


ဂျွန်ကလီးမင်း၏ ဇနီးမစ္စကလီးမင်း၏မောင်တော်သူ ဂျိမ်း(စ်) လင်ပတန်ဆိုသူ ဖြစ်လေသည်။ ထိုသူမှာ မစ္စူရီနယ်တွင် အခြေတကျ နေထိုင်ပြီး ထိုနယ်ကြီးပွားသည်နှင့်အမျှ မိမိတို့လည်း ကြီးပွားလိမ့်မည်ဟု ယုံကြည်ထား၏။ ထို့ကြောင့် နှမဖြစ်သူနှင့် ယောက်ဖဖြစ်သူ ဂျွန်ကလီးမင်းတို့အား မစ္စူရီနယ်သို့ ပြောင်းရွှေ့လာရန် ခေါ်ယူခြင်း ဖြစ်လေသည်။

ဇွန်လ၏ နေ့တစ်နေ့ ညနေပိုင်းတွင် ကလီးမင်းမိသားစုသည် ဖလော်ရီဒါမြို့ကလေးသို့ ရောက်ခဲ့ကြ၏။ ဆွေမျိုးများက ဆီး၍ကြို ကြလေသည်။ ဆွေမျိုးများအနက်တွင် ဂျွန်ကားဆိုသူလည်းပါ၏။ ထိုသူသည် ကုန်စုံဆိုင်ပိုင်ရှင် ဖြစ်လေသည်။ သူ့အယူအဆ၌ ဖလော်ရီဒါ မြို့ကလေးသည် မြို့ကြီးဖြစ်လာပြီး ဆားမြစ်သည်လည်း ရေတံခါးများနှင့် စီစဉ်ပြီးပါက သင်္ဘောကြီးများဝင်နိုင်လိမ့်မည်ဟု ယုံကြည်၏။ ဂျွန်ကားသည် သူ၏ကုန်စုံဆိုင်လုပ်ငန်းတွင် ဂျွန်ကလီးမင်းအား အစုရှယ်ယာပါဝင်စေလေသည်။

ထိုခေတ်အချိန်အခါအရ ဂျွန်ကားမှာ လူချမ်းသာတစ်ယောက်ဖြစ်၏။ ကုန်စုံဆိုင်အပြင် ယာတောတစ်ခုနှင့် ငွေဝယ်ကျွန် ၃၀ ကိုလည်း ပိုင်ဆိုင်လေသည်။ ဂျွန်ကားသည် ဂျွန်ကလီးမင်းနှင့် မယားညီအစ်ကို တော်စပ်ကြလေသည်။ ဤနည်းဖြင့် ဂျွန်ကလီးမင်းသည် နယ်သစ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက်ပင် စီးပွားရေးလုပ်ငန်းနှင့်အသင့်ဖြစ်၍ သွား၏။

ကလီးမင်းမိသားစုသည် နေစရာအိမ်ရှာရ၏။ ဖလော်ရီဒါတွင် သေးငယ်သော အိမ်ကလေးနှစ်ဆယ့်တစ်လုံးသာ ရှိလေသည်။ ကလီးမင်းမိသားစုတို့ ငှားရသောအိမ်မှာ အခန်းနှစ်ခန်းနှင့် အဖီချ၍လုပ်ထားသော မီးဖိုပါသည့်အိမ်ကလေးဖြစ်၏။ ထိုအိမ်တွင် ၁၃၈၅ ခုနှစ်

mgyoe.com

mgyoe.com


နိုဝင်ဘာလ ၃၀ ရက်နေ့၌ ကမ္ဘာ့ဟာဒယနှလုံးကို ရှင်ပြုံးလာအောင် အပြုံးဆေးတိုက်ကျွေးမည့် စာရေးဆရာကြီး မတ်(ခ်)တွိန်းကို မွေးဖွား ခဲ့လေသည်။ မတ်(ခ်)တွိန်းမှာ ဖွားစက အလွန်ပင်ချုချာ၏။ မတ်(ခ်) တွိန်းလောင်းကလေးဖြစ်သော ထိုကလေးငယ်အား ဆယ်မြူရယ် လောင်းဟွန်းကလီးမင်းဟု အမည်ပေးကြ၏။ သို့သော် အများအား ဖြင့် ဆယ်မြူရယ်ကလေး၊ သို့မဟုတ် ဆယ်မီဟု ကလေးဘဝ တစ်လျှောက်တွင် အခေါ်များခဲ့လေသည်။

မစ္စူရီနယ်မှာ ငွေ၀ယ်ကျွန်များသုံးသောနယ်ဖြစ်ရာ ဆယ်မီ၏ ကစားဘက်များမှာ အသားဖြူအသားမည်း နှစ်မျိုးစလုံးရှိ၏။ မျက်နှာ ဖြူကလေးများကို ထိန်းကျောင်းရသောသူများမှာလည်း နီဂရိုးကလေး ထိန်းများသာ များလေသည်။ မျက်နှာဖြူကလေးများသည် နီဂရိုး ကလေးထိန်းများကို အလွန်ချစ်ခင်ကြသည်။ နီဂရိုးကလေးငယ်များက လည်း အလွန်အဆော့သန်ကြလေသည်။

ဂျွန်ကလီးမင်းသည် စီးပွားတက်၍လာ၏။ ထို့ကြောင့် 'ဦးလေးနက်'အမည်ရှိ ငွေ၀ယ်ကျွန်တစ်ယောက်ကို ဝယ်လိုက်လေ သည်။ ဦးလေးနက်မှာ အလွန်အလုပ်ကောင်းသူဖြစ်ရာ လက်ရှိအိမ် ထက်ပို၍ကြီးသော အိမ်တစ်အိမ်ကိုဆောက်ပေး၏။ မီးဖိုခန်းမှာ အတော်ပင် ကြီးမားကျယ်ဝန်း၏။ ထိုအခန်းသည် အနွေးဆုံးအခန်း ဖြစ်ရာ ကလေးငယ်များ စုဝေးရာအခန်းဖြစ်နေ၏။ ဦလေးနက်သည် ကလေးငယ်များအား တစ္ဆေသရဲပုံပြင်များ၊ နီဂရိုးများ၏ အတိဒုက္ခပုံပြင် များကို ပြောပြတတ်၏။ ထိုပုံပြင်များကို စိတ်တွင်စွဲနေသဖြင့် ဆယ်မြူရယ်ကလီးမင်းသည် စာရေးဆရာမတ်(ခ်)တွိန်း ဖြစ်လာသော အခါ၌ "တွမ်ဆောယား"အစရှိသောဝတ္ထုများကို ရေးခဲ့နိုင်ခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com


ဂျွန်ကလီးမင်းသည် ပို၍ ကြီးပွားချင်လာ၏။ ထို့ကြောင့် သေးငယ်သော ဖလော်ရီဒါမြို့ကလေးမှ အခြေကိုဖြုတ်ပစ်ခါ၊ မစ္စစ္စပီမြစ်ကမ်းပေါ်ရှိ ဟန်နီဘော်မြို့သို့ ပြောင်းပြန်လေသည်။ ဤအချိန်တွင် သမီးကလေးမာဂရက်မှာ သေဆုံးသွားပြီဖြစ်ပြီး သားကလေး ဟင်နရီ ထပ်တိုးနေ၏။ ထို့ကြောင့် သမီးပမီလာနှင့် သားလေးယောက်ရှိနေပြီ ဖြစ်၏။

ဟန်နီဘော်မြို့မှာ အလုပ်အကိုင်ကောင်းသော မြို့ဖြစ်၏။ ဂျွန်ကလီးမင်းသည် သားအကြီးဆုံး အိုရီယွန်ကလီးမင်းအား စာရေးခန့်၍ ကုန်စုံဆိုင်ဖွင့်ပြန်၏။ မြို့ကလေးမှာ နေချင့်စဖွယ်ဖြစ်ပြီး စိမ်းစိုသော တောင်ကုန်းများကို ကျောပေးတည်ရှိလေသည်။ မြစ်ကမ်းပါး ထိပ်တွင် ကုန်းမြင့်များရှိ၍ မြို့မှထွက်၍ မြစ်အတိုင်း စုန်သွားလိုက်ပါလျှင် ဂူကြီး တစ်ဂူရှိလေသည်။ ထိုဂူကြီးမှာ မတ်(ခ်)တွိန်းရေးစာအုပ်တွင် ပါသော ဂူကြီးအတိုင်းပင် ဖြစ်လေသည်။

မစ္စစ္စပီမြစ်ကြီးသည် စိတ်ဝင်စားဖွယ်ကောင်း၏။ ဤမြစ်ကြီး သည် အမေရိကန်ပြည်အတွင်းပိုင်းမှ ပြင်ပကမ္ဘာသို့ထွက်ရာလမ်းမကြီး ဖြစ်နေလေသည်။ ဖောင်များချသည်ကိုလည်း မြင်ရ၏။ ရေနွေးငွေ့ သင်္ဘောများ အစုန်အဆန်ခုတ်မောင်းနေကြ၏။ ထိုခေတ်က ကြေးနန်း နှင့်မီးရထားမရောက်သေးသော ဟန်နီဘော်မြို့မှာ သင်္ဘော အဝင် အထွက်တို့ကြောင့် စည်ကားလာပေသည်။

ဆယ်မြူရယ်ကလေးသည် ချူချာဆဲပင် ဖြစ်၏။ ညအချိန်တွင် အိပ်ရာမှ ယောင်၍ထပြီး လမ်းလျှောက်တတ်လေသည်။ သူ၏ ကျန်းမာရေးအတွက် သူ့မိခင်သည် နွေရာသီသို့ရောက်ပြီဆိုလျှင် ဖလော်ရီဒါရှိ ခဲအိုဖြစ်သူ ဂျွန်ကား၏ယာတောသို့ နှစ်စဉ်ခေါ်သွားလေ့ ရှိပေသည်။

mgyoe.com

ဂျွန်ကား၏ယာတောမှာ အတော်ပင်ကြီးမား၏။ ယာတောအိမ်ကြီးမှာလည်း ကြီးမားသော သစ်လုံးအိမ်ကြီးဖြစ်၏။ နွေရာသီသို့ ရောက်ပြီဆိုလျှင် နီဂရိုးများချက်ပြုတ်သော စားကောင်းသောက်ဖွယ်များကို စားရလေ့ရှိပေသည်။ ကြက်သားကြော်၊ ဝက်သားကင်၊ ကြက်ဆင်၊ ဘဲ၊ ငါး၊ သမင်သား၊ ရှဉ့်၊ ယုန်၊ ခို၊ ချိုး၊ ပြောင်းဖူး၊ ဖရဲသီးစသော အစားအသောက်များကို လှိုင်လှိုင်ကြီး စားရသောကြောင့် ဆယ်မြူရယ်ကလေးသည် အင်အားပြည့်လာ၏။ ယာတောထဲတွင် ပြေးလွှားဆော့ကစားနေရာများစွာ ရှိနေ၏။ ယာတော၏ အပြင်ဘက်တွင် တောင်ကုန်းတစ်ခုနှင့်စမ်းကလေးတစ်ခုတို့လည်း ရှိ၏။

ယာတောတွင် ဆယ်မြူရယ်ကလေးနှင့်ရွယ်တူကစားဘက်မှာ ဂျွန်ကား၏သမီး တီးဘီးသာဖြစ်၏။ သူတို့နှစ်ဦးအား သူတို့ထက် အသက် ၆ နှစ်ကြီးသော မေရီအမည်ရှိ ငွေဝယ်ကျွန်မကလေးက ထိန်းသိမ်းစောင့်ရှောက်ရလေသည်။ မေရီသည် သူတို့အား ဒါန်းလွှဲကစားစေ၏။ ယာတောမှာ လေးညှင်းနံ့သင်း၍ နေ၏။ လိပ်ပြာများလည်းပေါ၏။ ပုရစ်သံများလည်း ညံ၍နေတတ်ပေသည်။ သစ်တော့သီးများလည်း ပေါလှ၏။ ဖရဲသီးများလည်း ပေါ၏။ တစ်ခါတွင် ဆယ်မြူရယ်ကလေးသည် မမှည့်သေးသော ဖရဲသီးများကို တဝစားသဖြင့် သေလုမြောပါး ခံလိုက်ရလေသည်။ ငယ်စဉ်ကတည်းကပင် ဆယ်မြူရယ်သည် ထူးဆန်းသောကလေး ဖြစ်ခဲ့၏။ တစ်ခါတစ်ခါတွင် စိတ်ကူးယဉ်ကာ ငြိမ်သက်နေတတ်ပြီး တစ်ခါတစ်ခါတွင်မူ အကြောင်းမရှိ ခုန်ပေါက်အော်ဟစ်နေတတ်၏။ တစ်ခါတစ်ရံတွင် တစ်ယောက်တည်း အူနှိပ်၍ ရယ်ကာ မြက်ပေါ်တွင် ဘယ်ပြန်ညာပြန် လူးလိမ့်တတ်လေသည်။

ယာတောရှိ နီဂရိုးတန်းလျားမှာလည်း စိတ်ဝင်စားဖွယ်ကောင်း

mgyoe.com

mgyoe.com


၏။ အိပ်ရာထဲတွင် လဲ၍နေသော နီဂရိုးအမယ်ကြီးအိုတစ်ယောက်ရှိ၏။ ထိုအမယ်အိုကြီးသည် အသက်တစ်ထောင်ရှိပြီဟု ပြောသူတို့က ပြောကြလေသည်။ ထိုတန်းလျားတွင်ပင်"တွမ်ဆောယား"စာအုပ်၌ပါသည့်နစ်ဂါးဂျင်နှင့်တူသော ဦးလေးဒယ်နီယယ်ဆိုသူ နီဂရိုးကြီးတစ်ယောက်လည်း ရှိလေသည်။

တစ်နေ့လုံးလိုပင် ဆယ်မြူရယ်ကလေးသည် ဂျွန်ကား၏ယာတောတွင် ဆော့ကစားရင်း ကျန်းမာကြီးထွားခဲ့ရသည်။ ဆောင်းဦးပေါက်သို့ရောက်၍ အေးလာမှ ဟန်နီးဘော်သို့ မိခင်ကပြန်ခေါ်သည်။ စာရေးဆရာဖြစ်လာသောအခါ၌ ဆယ်မြူရယ်ကလီးမင်းက "နှစ်ပေါင်းခြောက်ဆယ်ကြာသော်လည်း ကျွန်ုပ်သည် ဦးလေးဂျွန်ကား၏ အိမ်ကမီးဖိုခန်းမကြီးကို အသေအချာမှတ်မိနေပါသေးသည်။ အခန်းထောင့်တစ်ထောင့်တွင် ခုတင်တစ်လုံးရှိလျက်၊ အခြားထောင့်တွင်ကားဗိုင်းငင်သော ရစ်တစ်ခုရှိလေသည်။

"ထိုရစ်၏ နိမ့်ချည်မြင့်ချည်အသံသည် ကျွန်ုပ်၏နားထဲတွင် ဝမ်းနည်းစရာအကောင်းဆုံး အသံတစ်မျိုးဖြစ်၍နေ၏။ ထိုရစ်သံကိုကြားလျှင် ကျွန်ုပ်သည် အမေ့ထံသို့ ပြန်လိုစိတ်ပေါ်လာရပေသည်။ အခန်းရှိ မီးလင်းဖိုကြီးမှာကား ကြီးမားလှပေသည်။ သစ်တုံးကြီးများလည်း မီးဟုန်းဟုန်းတောက်၍နေသည်။ ပျင်းရိသော ကြောင်သည် မီးလင်းဖိုရှေ့တွင် အိပ်၍နေ၏။ ခွေးများမှာလည်း ထို့အတူပင် ဖြစ်လေသည်။ ကျွန်ုပ်၏အဒေါ်သည် မီးခိုးခေါင်းတိုင်အနား၌ ထိုင်နေပြီး ဦးလေးဖြစ်သူကမူ ဆေးတံကို မှိန်း၍နေသည်"အစရှိသဖြင့် ရေးသားခဲ့ပေသည်။

□

mgyoe.com

mgyoe.com

[၂]

## "ကျောင်းတွင်းနှင့် ပြင်ပ ပညာရှာခဲ့ပုံ"

ဖလော်ရီဒါတွင် တစ်နွေနေပြီးနောက် ဟန်နီးဘော်မြို့သို့ ဆယ်မြူရယ်ပြန်လာသောအခါ မိခင်ဖြစ်သူက သားကလေးကို ကျောင်းထားချိန်ရောက်ပြီဟု ဆုံးဖြတ်လိုက်၏။ ဆယ်မြူရယ်မှာ ငါးနှစ်သားအရွယ်ရှိပြီး အလွန်ဆော့၏။ ဆော့လွန်းအားကြီးသဖြင့် မိခင်မှာ သားကိုကျောင်းသို့ ပို့ချင်နေလေသည်။ ဆယ်မြူရယ်ကလီးမင်းသည် "တွမ်ဆော်ယား"ဝတ္ထုကို ရေးသောအခါ၌ သူ့မိခင်အား ဒေါ်လေးပိုလီအဖြစ်ဖြင့် ထည့်သွင်းရေးသားခဲ့ပေသည်။ ဒေါ်လေးပိုလီကဲ့သို့ပင် ဆယ်မြူရယ်၏မိခင်မှာ ပွင့်လင်း၍ ခင်မင်စရာကောင်းသော အမျိုးသမီးတစ်ဦးဖြစ်၏။ သို့သော် ဆုံးဖြတ်မှုနည်းကိစ္စမျိုးတွင် မဆုံးမဘဲ မနေတတ်ပေ။ ဆယ်မြူရယ်သည် အဖြစ်အပျက်တစ်ခုကို ချဲ့ကား၍ ပြောတတ်ဆိုတတ်၏။ ထို့ကြောင့် အိမ်နီးနားချင်းများက "ဒီကလေး ပြောတိုင်း

mgyoe.com

mgyoe.com


မယုံပါနဲ့နော်’ဟု သူ့မိခင်အား လာ၍ ပြောထားကြရလေသည်။ သူ့မိခင်ကလည်း “ဆယ်မြူရယ်ပြောတာ ဆယ်ခွန်းမှာ တစ်ခွန်းသာ မှန်ပါတယ်”ဟု ပြန်၍ပြောထားရ၏။ မကြာမီပင် ဆယ်မြူရယ်ကလေးအား မစ္စဟော တည်ထောင်ထားသော ကျောင်းသို့ တက်ရောက် ပညာသင်ကြားစေလေသည်။ ဟန်နီးဘော်မြို့ လမ်းမတော်တွင် တည်ရှိသော မစ္စဟော၏ကျောင်းမှာ ရှေးရိုး ကျောင်းမျိုးဖြစ်၏။ ကျောင်းသားပေါင်း စုံရှိ၍ တတိယဖတ်စာနှင့် အပေါင်း အနုတ် အမြှောက် အစားအထိသာ သင်ပေးသောကျောင်း ဖြစ်၏။ ကျောင်းသားတစ်ယောက်လျှင် သီတင်းတစ်ပတ်အတွက် ကျောင်းလခ နှစ်ဆယ့်ငါးဆင့်ပေးရ၏။ ကျောင်းစည်းကမ်းများကို နေ့တိုင်းဖတ်၍ပြသော ကျောင်းဖြစ်၏။ ပထမနေ့ကတည်းကပင် ဆယ်မြူရယ်ကလေးသည် ကျောင်းစည်းကမ်းများကို နားထောင်ပြီးလျှင် အပြစ်ပေးမခံရဘဲ ထိုစည်းကမ်းများကို အဘယ်ပုံဖောက်ဖျက်ရပါမည်နည်းဟု ကြံစည်စပြုတော့၏။ မွန်းလွဲချိန်သို့ရောက်သောအခါ ကျောင်းစည်းကမ်းကို ဖောက်ရန်ကြိုးစား၏။ ဤတွင် ဆရာမဟောက တုတ်အကောက်ခိုင်းလိုက်လေသည်၊ သူ့မိခင်သည် သူ့အား လက်နှင့်သာရိုက်လေ့ရှိရာ ဆယ်မြူရယ်သည် တုတ်ကောက်ခိုင်းသည်ကို နားမလည်နိုင်အောင် ရှိ၏။ ကျောင်းအပြင်ဘက်သို့ ထွက်၍ တုတ်ကောက်ရာ၌ တွေ့သမျှ တုတ်အားလုံး သူ့အတွက်ကြီးသည်ဟု ထင်ကာ ကျောင်းရှေ့ရှိ လက်သမားဆိုင်မှ ရွှေပေါ်စာများကို ယူ၍ လာလေသည်။ ဆရာမမစ္စဟောသည် ဒေါသဖြစ်ကာ အခြားကျောင်းသားတစ်ဦးအား တုတ်တစ်ချောင်းရှာခဲ့စေပြီး ရိုက်နှက် ဆုံးမ၏။ ထိုကတည်းက ဆယ်မြူရယ်သည် ကျောင်းကိုမုန်းလေတော့သည်။ နေ့ခင်းကျောင်းလွှတ်ချိန်တွင် ဆယ်မြူရယ်သည် အိမ်သို့ ပြန်ကာ ကျောင်းမနေချင်တော့ကြောင်း သူ့မိခင်ကို ပြောပြ၏။ သူ့မိခင်က

mgyoe.com

ချော့မော့သဖြင့် ကျောင်းပြန်၍တက်လေသည်။

သို့သော် ဆယ်မြူရယ်၏အဖို့၌ နေရောင်ခြည်သာယာနေပြီး တောင်ကုန်းများ စိမ်းလန်းနေသောအချိန်မျိုးတွင် ကျောင်းခန်းထဲ၌ စာလုံးပေါင်း သင်နေရခြင်းသည် သဘာဝမကျဟုထင်၏။ မည်သို့ပင် ဖြစ်စေ ဆယ်မြူရယ်သည် အရွယ်နှင့်မလိုက်အောင် လျင်မြန်စွာစာရေး စာဖတ်တတ်မြောက်၍ လာခဲ့လေသည်။

၁၈၃၉ ခုနှစ်တွင် ဟန်နီဘော်မြို့သို့ ရောက်ခဲ့ကြစဉ်အခါက ကလီးမင်းမိသားစုသည် ပါဗေးဟိုတယ်တွင် နေကြ၏။ နောက်နှစ် နေရာပြောင်းပြီး ၁၈၄၄ ခုနှစ်ကျမှ တောင်ကုန်းလမ်းတွင် အိမ်သစ် ဆောက်၍ နေကြလေသည်။ ထိုအိမ်မှာ ယခုထက်တိုင်ရှိသေး၍ "မတ်(ခ်)တွိန်း၏အိမ်"ဟု ထင်ရှားနေပေသည်။

ဂျွန်ကလီးမင်းသည် ဟန်နီဘော်မြို့သို့ ရောက်ခါမှ စီးပွားရေး လောကစံနှင့် အမျိုးမျိုးတွေ့ရ၏။ သူ့အား တရားသူကြီးအဖြစ် မြို့ရွာလူထုက ရွေးကောက်ရာ တရားစီရင်ဆုံးဖြတ်ခကြေးငွေများ အတော်အတန်ရ၏။ သို့သော် အခြားစီးပွားရေးလုပ်ငန်းများက အရှုံးအဖတ်တင်သဖြင့် ငွေဝယ်ကျွန်မကလေး ဂျင်နီကို ရောင်းပစ်ရလေသည်။ ဂျွန်ကလီးမင်းသည် ကြွေးမြီများကို သူ၏နို့ စားနွားမနှင့် အိမ်ထောင်ပရိဘောဂများပါမကျန် ရောင်းချ၍ ပေးဆပ်၏။ ဝမ်းရေး အတွက် တရားသူကြီးလုပ်ခနှင့် ရှေ့နေလိုက်ခကိုသာ အားကိုးနေရလေသည်။ သူ့တွင် ပစ္စည်းဆို၍ တယ်နယ်ဆီးနယ်ရှိ မြေကွက်သာ ကျန်လေတော့သည်။ ဤအချိန်တွင် မိသားတစ်စုလုံး များစွာ ကျပ်တည်းကြ၏။ သားအကြီးဆုံး အိုရီယွန်းကလီးမင်းသည် ၁၇ နှစ်သား အရွယ်ရှိပြီဖြစ်၍ ပုံနှိပ်တိုက်အလုပ်သမားအဖြစ်ဖြင့် မိသားစုကို လုပ် ကျွေးနေရလေသည်။ မစ္စကလီးမင်းကလည်း လူအချို့ကို လခနှင့်

mgyoe.com

mgyoe.com


ထမင်းကျွေးနေရ၏။ ဤအချိန်တွင် ဆယ်နှစ်ရွယ် သားကလေး ဘင်ဂျမင် သေဆုံးသွားပြန်၏။ ဤအချိန်သည်ကား ဒုက္ခအရောက်ဆုံး အချိန် ဖြစ်ပေသည်။

ထို့နောက်အခြေအနေ တဖြည်းဖြည်းကောင်းလာ၏။ ရှေ့နေပို လိုက်ရပြီး တရားစီရင်ခငွေများ ပို၍ရလာ၏။ ၁၈၄၄ ခုနှစ်သို့ရောက် သောအခါ ဂျွန်ကလီးမင်းသည် အထက်ပါအိမ်ကို ဆောက်နိုင်ခဲ့လေ သည်။

ဆယ်မြူရယ်ကလီးမင်းမှာ ထိုအချိန်တွင် အသက် ၉ နှစ် ရွယ်ရှိပြီ ဖြစ်ရာ သူငယ်ကလေးဘဝသို့ စတင်ရောက်ရှိပြီဖြစ်၏။ ထိုအရွယ် မရောက်မီကပင် သူ့အား အလွန်ဆော့သောကလေး၊ စိတ်ညစ်စရာ ကောင်းသောလူမမယ်ကလေး ချော့တစ်ခါ ခြောက်တစ်လှည့်နှင့် ထိန်းသိမ်းရသော ကလေးအရွယ်ဟုသာ ယူဆခဲ့ကြပေသည်။ ၉ နှစ်သား အရွယ်သို့ရောက်သောအခါတွင်မူ ဆယ်မြူရယ်ကလီးမင်းမှာ ကျန်းမာ ရေးကောင်းမွန်၍ ထွားကြိုင်းလာပြီဖြစ်၏။ သူ့ကိုယ်သူလည်း ထိန်းသိမ်းနိုင်စွမ်းရှိ၍ လာခဲ့လေပြီ။ အသက် ၉ နှစ် အရွယ်ပင် ဖြစ်စေကာမူ ဆယ်မြူရယ်သည် အရွယ်နှင့်မလိုက်အောင် အသိဉာဏ် ရှိ၏။ လူကြီးဆန်ခြင်းကားမဟုတ်၊ ကျောင်းမှ သင်သောပညာကို သာမက ကျောင်း၏ပြင်ပ၌ရှိသော လောကသင်ခန်းစာများကို ရလာ သောကြောင့်ပင် ဖြစ်လေသည်။ ထိုအရွယ်ကတည်းကပင် ဆယ်မြူရယ် ကလီးမင်းသည် သူ သွားလေရာရာ အရပ်၌ တွေ့ရသော သစ်ပင်များ၊ ပိုးမွှားများနှင့် တိရစ္ဆာန်များအကြောင်းကို စေ့စေ့စပ်စပ် ကြည့်တတ် မြင်တတ်၏။ ထို့ကြောင့် စာရေးဆရာကြီးဖြစ်လာသောအခါ၌ သစ်ပင် ပိုးမွှားတိရစ္ဆာန်များနှင့်ပတ်သက်၍ သူရေးသမျှသော အကြောင်းအရာ များသည် အမှားတစ်ခုမျှ မပါရှိခဲ့ပေ။ လူ့အကြောင်းကိုလည်း

mgyoe.com

mgyoe.com


ငယ်ရွယ်စဉ်ကပင် မကြာခဏကြုံတွေ့လေ့လာခဲ့ရဖူး၏။ သူ၏အတွေ့အကြုံများမှာ စိတ်ချမ်းသာဖွယ်ရာ ကောင်းလှသည် မဟုတ်ပေ။

တစ်ခါက သူသည် နေ့ခင်းကြောင်တောင်တွင် အဘိုးကြီးတစ်ယောက် သေနတ်နှင့်ပစ်သတ်ခြင်းခံရသည်ကို သူနေထိုင်သောလမ်းထဲတွင်ပင် မြင်ခဲ့ရဖူး၏။ ထိုအဘိုးကြီးအား အိမ်နီးနားချင်းများက အိမ်သို့ပို့ပေးပြီး ရင်ဘတ်ပေါ်တွင် လေးလံသော သမ္မာကျမ်း စာအုပ်ကြီးတင်ထားသည်ကို တွေ့ခဲ့ဖူးလေသည်။ နိုင်ငံရပ်ခြားမှ ပြောင်းရွှေ့လာသော လူငယ်တစ်ယောက်သည် သူနှင့်အတူ အရက်သောက်ဖော်သောက်ဖက် လူတစ်ယောက်အား မူးနေစဉ် ဓားမြှောင်နှင့် ထိုးပုံ၊ အခြားလူငယ်နှစ်ယောက်တို့က သူတို့၏ ဦးလေးကို ချုပ်ထားပြီး သေနတ်နှင့်အခါခါပစ်ပုံ၊ ကံကောင်းသဖြင့် ကျည်ဆန်မထွက်ဘဲနေပုံ စသည်တို့ကို ဆယ်မြို့ရယ်ကလီးမင်းမှာ ငယ်စဉ်ကတည်းက ကိုယ်တွေ့ကြုံခဲ့ရလေသည်။

နောက်အတွေ့အကြုံ တစ်ခုမှာကား အရက်မူးနေသော လူမိုက်တစ်ယောက်သည် အိမ်တစ်အိမ်ကို ဓားပြတိုက်မည်ဟု ကြုံးဝါးနေ၏။ ကြုံးဝါးသံကို ကြားရသောအခါ ဆယ်မြို့ရယ်သည် သူ၏အချစ်ဆုံးသူငယ်ချင်း ဂျွန်ဘာရစ်နှင့်အတူ လူမိုက်၏ နောက်သို့လိုက်ပြီးကြည့်၏။ ဓားပြတိုက်မည့်အိမ်တွင် မုဆိုးမတစ်ယောက်နှင့် သူ့သမီးသာရှိကြလေသည်။ လူမိုက်သည် အိမ်ထဲသို့ဝင်သွားသောအခါ မအေဖြစ်သူ မုဆိုးမကြီးက လူမိုက်အား အိမ်က ထွက်လျှင်ထွက်၊ မထွက်လျှင် သူ့လက်ထဲတွင်ရှိသော သေနတ်နှင့် ပစ်လိုက်မည်ဟု ခြိမ်းခြောက်သံကြားရ၏။ လူမိုက်က မိန်းမကြီးအား ဆဲရေးသံများကိုလည်း ကြားရလေသည်။ မုဆိုးမကြီးက သူ ၁ မှ ၁၀ အထိ ရေတွက်ပြီးဆုံး၍မှ အိမ်က မထွက်သွားလျှင် သေနတ်မောင်းကို ဖြုတ်လိုက်မည်ဟု သတိပေး

mgyoe.com

mgyoe.com


၏။ ထို့နောက် တဖြည်းဖြည်း ၁ မှစ၍ ရေတွက်ရာ ၅ သို့ရောက်လာ၏။ ထိုအထိ လူမိုက်သည် သရော်ရယ်မောနေဆဲဖြစ်၏။ ၆ သို့ရောက်သောအခါ လူမိုက်သည် အရယ်ရပ်၍သွား၏။ မုဆိုးမကြီးက ၇–၈–၉ ဟု ဆက်၍ ရေတွက်၏။ ထို့နောက် အတော်ကြာအောင် ငြိမ်သက်နေပြီး ၁၀ ဟု အော်သံကြားလိုက်ရသည်တွင် သေနတ်သည် ဒိုင်းခနဲမြည်ဟိန်း၍ သွားလေတော့သည်။ လူမိုက်သည် ရင်အုံပွင့်ကာ နေရာတွင်ပင်ပွဲချင်းပြီး လေသည်။ ထိုခဏ၌ မိုးသက်မုန်တိုင်းကြီးကျ၍လာသဖြင့် ဆယ်မြို့ရယ်တို့သည် ထိုအိမ်မှ ပြန်၍ ပြေးလာခဲ့ကြရလေသည်။

ဤကဲ့သို့သော အဖြစ်အပျက်များမှာ ဟန်နီးဘော်မြို့တွင် မဆန်းလှ။ ထို့ပြင် ငွေဝယ်ကျွန်များနှင့် ပတ်သက်သော အဖြစ်အပျက်များကိုလည်း ဆယ်မြို့ရယ်ကြိမ်ပေါင်းများစွာ တွေ့ရဖူးလေသေးသည်။ ငွေဝယ်ကျွန်တစ်ယောက်အား ဘာမဟုတ်သည့် အပြစ်ငယ်ကလေးတစ်ခုကြောင့် သံတုတ်နှင့်ရိုက်သတ်ခြင်း ပြုသည်ကိုလည်း မြင်ဖူး၏။ ငွေဝယ်ကျွန်စနစ်ပပျောက်ရေး ဆောင်ရွက်သူတစ်ဦးအား ငွေဝယ်ကျွန်ပိုင်သူများက လူထုနည်းနှင့် ဆုံးမသတ်ဖြတ်ရန် ကြိုးစားရာတွင် ဘုန်းကြီးတစ်ပါးက "ဒီလူဟာ အရူးပါကွာ"ဟု ဖျောင်းဖျ ဖျန်ဖြေပေး၍ အသက်ချမ်းသာရာ ရသွားပုံကိုလည်း ဆယ်မြို့ရယ် ကြုံဖူးလေသည်။ ထိုအတွေ့အကြုံများသည် နောင်အခါ၌ ဆယ်မြို့ရယ် နာမည်ကြီးစာရေးဆရာဖြစ်လာစေမည့် အခြေခံပညာများပေတည်း။ သို့သော် ဆယ်မြို့ရယ်၏စိတ်၌ ထိုစဉ်က ကြုံရသမျှတို့ကို ပညာဟုမထင်၊ ဤအရပ်မျိုး၌နေလျှင် ဘာတွေကို ရှောင်ရှားရမည်ဟု သတိပေးခြင်းခံရသလို ဖြစ်နေ၏။ ဤအရပ်မျိုး၌ နေထိုင်ရန်မသင့် ဟူ၍လည်း သဘောပေါက်စေလေတော့သည်။ ထို့ပြင် ဤအရပ်က လူဆိုးများ ရှုံ့ရှာဖွယ်ကောင်းပုံကိုကြည့်ကာ သူ့ကိုယ်သူ လူကောင်းတစ်ယောက် ဖြစ်

mgyoe.com

mgyoe.com


အောင်နေမည်ဟုလည်း တွေးတောမိစေပြန်လေသည်။

ဆယ်မြှုရယ်ကလေး၏စိတ်ကို သူ့မိခင်၏သတ္တိဗျတ္တိက အထူး စိုးမိုးခဲ့၏။ တစ်ခါတွင် ကော်ဆီကာကျွန်းမှ ပြောင်းလာသော လူမိုက် တစ်ယောက်သည် သူ့သမီးပျိုအား ကြာပွတ်နှင့်ရိုက်ရန်လိုက်၏။ သမီးပျိုကလေးသည် ကြောက်အား လန့်အားနှင့် ဆယ်မြှုရယ်တို့၏ အိမ်ထဲသို့ ပြေးဝင်ခိုလှုံလာရှာ၏။ လူဆိုးသည် အိမ်ထဲသို့ဝင်၍ လိုက်မည်ပြုရာ ဆယ်မြှုရယ်၏မိခင် ဂျိန်းကလီးမင်းသည် တံခါး ပေါက်ဝ၌ မားမားရပ်လိုက်ပြီးနောက် တံခါးဘောင်တစ်ဖက်တစ်ချက် ကို လက်နှစ်ဖက်နှင့်ဆုပ်ကိုင်၍ ထားလိုက်ရင်း လူမိုက်ကို တားထား၏။ လူမိုက်သည် ဂျိန်းကလီးမင်းကို လမ်းဖယ်မပေးပါက ကြာပွတ်နှင့် ရိုက်မည်ဟု ခြိမ်းခြောက်၏။ သို့သော် ဂျိန်းကလီးမင်းက အနည်း ငယ်မျှမကြောက်ရွံ့သည်ပြင် လူမိုက်အား အကြီးအကျယ် ဆုံးမပြစ် တင်လိုက်၏။ ထိုအခါတွင် လူမိုက်သည် တဖြည်းဖြည်း ခေါင်းငိုက် စိုက်ကျကာ နောက်ဆုံး၌ အရှုံးပေး၍ ထွက်သွားရလေသည်။ ထိုအချင်း အရာကို မြင်ရသောအခါ သားကလေး ဆယ်မြှုရယ်၏ စိတ်၌ မိမိ၏ မိခင် ဤမျှသတ္တိရှိခြင်းမှာ စိတ်ဓာတ်သန့်ပြန့်သောကြောင့် ဖြစ်သည်ဟု ယူဆမိလျက် မိမိ၏ တစ်သက်တာတွင်လည်း စိတ်ဓာတ် သန့်ပြန့် အောင် မွေးမြူပါတော့မည်ဟူ၍လည်း ပိုင်းဖြတ်လိုက်ပေသည်။ ဆယ်မြှုရယ်ကလေးသည် မှောင်၍ လာသောအခါ မိုးသည်းစွာရွာသော အခါမျိုး၌ ဘုရားရှိခိုးတတ်လေသည်။

မကောင်းသော လူဆိုးလူမိုက်များနှင့် တွေ့ရသော်လည်း ဆယ်မြှုရယ်သည် ကောင်းကွက်ကလေးများ ပျော်မွေ့စရာ အကွက် ကလေးများနှင့်လည်း တွေ့ရလေသေးသည်။ . ပျော်ပွဲစားခဏခဏ ထွက်ရသည်။ မစ္စစ္စပီမြစ်ထဲတွင် အပျော်ခရီးသင်္ဘောစီး၍ ထွက်ရ သည်။

mgyoe.com

mgyoe.com


တောတောင်တစ်ခွင်ကို တစ်ဦးချင်းဖြစ်စေ၊ အဖော်များနှင့်ဖြစ်စေ လည်ပတ်ရသည်။ ငါးမျှားသွားရသည်။ မြစ်အောက်ဘက်ရှိ ဂူကြီးထဲသို့လည်း သွား၍ဆော့နိုင်လေသေးသည်။

ဆယ်မြူရယ်ကလေးသည် ဘီဇာချောင်းခေါ် စမ်းချောင်းထဲ၌ ရေကူးသင်၏။ သူ့ သူငယ်ချင်းနှစ်ယောက် ဤချောင်းထဲ၌ ရေနစ်သည်ကို မြင်ဖူး၏။ သူကိုယ်တိုင်လည်း ရေနစ်ခါနစ်ဖူး၏။ သို့သော် ကံကောင်းထောက်မ၍ ကယ်သူပေါ်ခဲ့၏။ ပထမအကြိမ် ကယ်သူမှာ ငွေဝယ်ကျွန် နီဂရိုးမကလေးတစ်ဦးဖြစ်ပြီး ဒုတိယအကြိမ်ကယ်ဆယ်သူမှာ နီး(လ်)ကလင့်(ပ်)ဆိုသူ ငွေဝယ် ကျွန် နီဂရိုးတစ်ယောက် ဖြစ်လေသည်။ သို့သော် ဆယ်မြူရယ်ကလေးသည် ရေကိုမကြောက်၊ ဆက်လက်၍ ရေကူးသင်ရာ မကြာမီ သူ၏ ကစားဖော်များအနက်တွင် အတော်ဆုံး ရေကူးသမားဖြစ်၍ လာလေတော့သည်။ ဆယ်မြူရယ်ကလေးသည် မစ္စစ္စပီမြစ်ကို ယခင်ကထက်ပို၍ ချစ်ခင်လာလေသည်။ ဤမြစ်ကြီးသည် ပြင်ပကမ္ဘာကြီးသို့ သွားသောလမ်းဖြစ်သည်ဟူသော အသိက ဆယ်မြူရယ်အား မြစ်ကြီးကိုလေးစားမြတ်နိုးစိတ် ဖြစ်ပေါ်စေလေသည်။ ဆင်မြူရယ်သည် မြစ်ကမ်းနဖူးတွင်ထိုင်ကာ အမျိုးမျိုး စိတ်ကူးယဉ်၍ နေတတ်လေသည်။ မြစ်ကြီး၏အခြေအနေအမျိုးမျိုး ပြောင်းလဲပုံတို့ကို ဆယ်မြူရယ်ကလေးသည် အမြဲတမ်း အကဲခတ်၍ နေတတ်ပေသည်။

မကြာမီပင် ဆယ်မြူရယ်ကလေးသည် မစ္စစ္စပီမြစ်ကြီးအတွင်း၌ ဖြတ်သန်း စုန်ဆန်နေကြသော သင်္ဘောကြီးများကို စီးနင်းလိုက်ပါသွားလိုသော ဆန္ဒသည် ပြ ❋ ဆန်စွာ ဖြစ်ပေါ်၍ လာလေတော့သည်။ "အသက် ၉ နှစ်ရွယ် လူငယ်ကလေးတစ်ယောက်၏အဖို့တွင် ဖြတ်သန်းသွားလာနေကြသော သင်္ဘောကြီးများကို ကြည့်ရင်းတစ်ခါမှ မစီး

mgyoe.com

mgyoe.com


ဖူးရခြင်းသည် အသည်းယားစရာလိလိ ဖြစ်နေပါတော့သည်"ဟု မတ်(ခ်)တွိန်းက သူ့စာအုပ်ထဲတွင် ထည့်သွင်းရေးသားခဲ့ဖူးလေသည်။ ဆယ်မြူရယ်၏ သင်္ဘောကြီးကို စီးလိုသောဆန္ဒသည် ပြင်းထန်သည်ထက် ပြင်းထန်၍လာ၏။ နောက်ဆုံးတွင် ထိုဆန္ဒကို ချုပ်တည်း၍ မရနိုင်တော့ပြီ။

တစ်နေ့တွင် ဟန်နီးဘောဆိပ်ကမ်းသို့ သင်္ဘောကြီးတစ်စင်းဝင်၍ ဆိုက်ကပ်လေသည်။ ဆယ်မြူရယ်သည် အလစ်တွင် သင်္ဘောကြီးပေါ်သို့ မည်သူမျှ မသိအောင်တက်၍ သွားပြီးနောက် အပေါ်ထပ်ရှိ အသက်ကယ် လှေတစ်စင်း၏ အောက်တွင် ပုန်း၍ နေလိုက်လေသည်။ များမကြာမီ အချက်ပေးခေါင်းလောင်းသံများ ကြားရပြီး သင်္ဘောကြီးသည် ကမ်းခြေမှ နောက်ဆုတ်၍ခွာကာ မြစ်လယ်သို့ ရောက်သွား၏။ ဆယ်မြူရယ်သည် လှေအောက်တွင် ပုန်းနေရာက ထွက်၍ လက်ရမ်းပေါ်မှ ကျော်ကာ မြစ်ရေပြင်ကြီးကို ကြည့်လိုက်၊ ရှုမျှော်ခင်းများကို ကြည့်လိုက်နှင့် ကျေနပ်ကာ ပီတိဖြစ်၍နေလေသည်။ ထိုခဏတွင် မစ္စစ္စပီတစ်ဝိုက်တွင် ရှာနေကျဖြစ်သော မိုးကြီးရွာချ လိုက်လေ၏။ ဆယ်မြူရယ်မှာ လှေအောက်သို့ ပြန်ဝင်ကာ မိုးခို၍ နေရလေသည်။ သို့သော် သူ့ခြေထောက်နှစ်ချောင်းအပြင်ဘက်သို့ ထွက်နေသည်ကို သင်္ဘောသားတစ်ယောက်က မြင်၍သွား၏။ ထို့ကြောင့် ဆယ်မြူရယ်အား အတင်းဆွဲထုတ်ပြီးလျှင် နောက်ရပ်သော သင်္ဘောဆိပ်ကမ်း၌ ထားပစ်ခဲ့လေသည်။ ထိုဆိပ်ကမ်းမြို့မှာ လူပီဇီယာနာမြို့ ဖြစ်၍ ထိုမြို့တွင် လင်ပတန်မိသားစု ဆွေမျိုးများရှိကြ၏။ ထိုဆွေမျိုးများက ဆယ်မြူရယ်ကို စောင့်ရှောက်ထားပြီး ဟန်နီးဘော်ရှိမိဘများထံ ပြန်ပို့လိုက်ရလေသည်။ အိမ်သို့ရောက်သောအခါတွင် ဆယ်မြူရယ်မှာ အကြီးအကျယ် အဆူခံရ၏။ သို့သော် ဆယ်မြူရယ်၏စိတ်တွင် တစ်ခါ

mgyoe.com

mgyoe.com


သဘော်ကြီးခိုးစီးရခြင်းသည် ပညာပေးသင်ခန်းစာကြီး တစ်ရပ်ပါ တကား...ဟု ယူဆထားလိုက်လေသည်။

နွေရာသီသို့ ရောက်ပြီဆိုလျှင် ဆယ်မြူရယ်သည် သူ့ဦးလေး၏ ယာတောသို့သွားရလေသည်။ သို့သော် ယခုကဲ့သို့ အသက် ၉ နှစ်ကျော် အရွယ်သို့ ရောက်လာသောအခါတွင် ဆယ်မြူရယ်သည် မိန်းကလေးများနှင့် ဒန်းစီး၍ မကစားတော့ဘဲ သူ့ထက် အသက်ကြီးသော အစ်ကိုဝမ်းကွဲများနှင့် တွဲလေတော့သည်။ သူ့အစ်ကိုများသည် လူကြီးများနှင့်ပေါင်းကာ နေ့ခင်း၌ ငှက်ပစ်သွား၏။ ညအခါ၌လည်း အမဲလိုက်ကြလေသည်။ တစ်ခါတစ်ရံတွင် ဆယ်မြူရယ်သည် တစ်ညလုံးလိုလိုပင် လူကြီးများနှင့် အမဲလိုက်သွား၏။ နံနက်မိုးလင်းမှ ပြန်ရောက်တတ်၏။ သို့သော် မမောမပန်းတတ်ချေ။ ဤနေရာတွင် ဆယ်မြူရယ်သည် ဆေးလိပ်ခိုးသောက်ခြင်း၊ တိုင်းထွာသော စကားလုံးကြမ်းများကို သုံးတတ်ခြင်း စသောပညာတို့ အစပွားခဲ့လေသည်။

ဆယ်မြူရယ်ကလီးမင်းကလေးသည် ရုပ်ရည်အားဖြင့် ထူးထူးခြားခြား လှပသော သူငယ်ကလေးမဟုတ်ပေ။ သူ၏ဦးခေါင်းမှာ သူ့ကိုယ်နှင့် မလိုက်အောင် ကြီးမား၍ နေလေသည်။ သူ့ဆံပင်များမှာ ဝါတာတာဖြစ်၍ ဆံပင်ကောက်မည်စိုးသောကြောင့် ဆယ်မြူရယ်သည် ခေါင်းဖြီးလျှင် ပိချပ်ပြားကြီးဖြစ်အောင် ဖြီးတတ်လေသည်။ သူ့မျက်လုံးများမှာ ကြီးမားပြာလဲ့၍ မျက်နှာပေါ်လေသည်။ သို့သော် သူ့အသားအရေမှာ ချောမွတ်၏။ သူ့ကိုယ် နှုတ်အမူအရာများမှာလည်း သိမ်မွေ့သည်။ သူငယ်ဖော်များသည် ဆယ်မြူရယ်၏စကားကို အမြဲနားထောင်လေ့ရှိကြသည်။ သို့သော် ဆယ်မြူရယ်သည် စကားနည်းသူ ဖြစ်လေသည်။

ဆယ်မြူရယ်သည် သူ့ညီကလေး ဟင်နရီကို အလွန်ချစ်၏။

mgyoe.com

mgyoe.com


မတ်(ခ်)တွိန်းဘဝဖြင့် "တွမ်ဆောယား"ဝတ္ထုကို ရေးသောအခါ "ဆစ်(ဒ်)"အမည်ရှိ ဇာတ်ကောင်ကလေးအဖြစ် ထည့်သွင်းရေးသားခဲ့လေသည်။

"တွမ်ဆောယား"ဝတ္ထုဋ္ဌပါသော အဖြစ်အပျက်အားလုံးတို့ပင် လျှင် တကယ့်ဖြစ်ရပ်အမှန်များ ဖြစ်ခဲ့ကြလေသည်။ ဆယ်မြို့ရယ်ကလေးသည် တွမ်ဆောယား၏ နည်းတူ၊ စည်းကမ်းတကာကို ချိုးဖောက်ပြီး ဘယ်တော့မှ အပြစ်ပေး မခံရလေအောင် ကြိုးစားအောင်မြင်သူ တစ်ဦး အမှန်ဖြစ်ခဲ့လေသည်။

□

mgyoe.com

mgyoe.com

[၃]

## တွမ်ဆောယားနှင့် သူ၏အဖွဲ့

"တွမ်ဆောယား၏ စွန့်စားခန်းများ"ဝတ္ထုစာအုပ်အစတွင် စာရေးဆရာ မတ်(ခ်)တွိန်းက (ဤစာအုပ်ထဲ၌ မှတ်တမ်းတင်၍ ထားသော စွန့်စားခန်းများသည် တကယ်ပင် ဖြစ်ပျက်ခဲ့ပေသည်။) ဟူ၍ ဖွင့်ဟဝန်ခံထား၏။ ထို့ပြင် မတ်(ခ်)တွိန်းက(ဟတ်(ခ်)ဖင်း)ဆိုသော ဇာတ်ကောင်သည် တကယ့် လူငယ်တစ်ယောက်၏ဖြစ်ရပ်များကို အခြေပြုထားလျက်၊ တွမ်ဆိုသော ဇာတ်ကောင်မှာ သူသိသော လူငယ် သုံးဦးတို့၏ စရိုက်၊ အကျင့်၊ ဝလေ့များကို ပူးပေါင်း၍ ဖန်တီးထားအပ် သော ဇာတ်ကောင် ဖြစ်ပါသည် ဟူ၍ ဝန်ခံ၍ထားပေသည်။ စာရေး သူ၏ မိတ်ဆွေသူငယ်သုံးယောက်တို့၏အကြောင်းကို ရေးသားသည်ဟု ဆိုစေကာမူ အခြေခံဇာတ်ကောင်မှာ စာရေးသူ ဆယ်မြူရယ် ကိုယ်တိုင် သာလျှင် ဖြစ်ခဲ့ပေသည်။ သို့သော် တွမ်၏စရိုက်များကို ရေးသားရာ၌

mgyoe.com

mgyoe.com


သူ့ ကိုယ်တိုင်၏ စရိုက်များသာမက သူနှင့် ကျောင်းနေဘက်ဖြစ်သော ဂျွန်ဘာရစ်နှင့်ပီ(လ်)ဘိုဝင်တို့၏ ဖြစ်ရပ်များလည်း ပါသေးလေသည်။ (ကြောက်မက်ဖွယ်ပင်လယ်ကြီးများ)အမည်ရှိ စာအုပ်ထဲတွင် ပါဝင်သော ဇာတ်ကောင်ဂျိုးဟာပါမှာ ဂျွန်ဘာရစ်၏ ဖြစ်ရပ်များပေါ်တွင် တည်ဆောက်၍ထားသော ဇာတ်ကောင်ပင် ဖြစ်လေသည်။ ဟတ်(ခ)ဖင်း၏ မူလဗီဇဖြစ်သော တကယ့်ပုဂ္ဂိုလ်မှာ ရွာထဲတွင် တေပေ၍နေသော တွမ်ဘလင်ကင်ရှစ်ဆိုသူပင် ဖြစ်လေသည်။ ဘလင်ကင်ရှစ်တို့မိသားစုသည် လက်ဦးက အခြေအနေ အတည်တကျ နေထိုင်ကြသောသူများ မဟုတ်ပေ။ အမဲလိုက်ခြင်း၊ ငါးမျှားခြင်း စသည်တို့ဖြင့် နေ့စဉ်စားသောက်စရာတို့ကို ရှာဖွေ၍ လက်ဦး၌ သစ်ပင်တစ်ပင်အောက်တွင် တဲငယ်ကလေးထိုး၍ နေထိုင်ကြသောသူများ ဖြစ်ကြပေသည်။ နောင်ခါကျမှ ကလီးမင်းမိသားစုတို့ အိမ်နောက်ဖေးဘက်၌ တည်ရှိသော စပါးကျီတစ်ခုထဲသို့ ပြောင်းရွှေ့လာရောက်နေထိုင်ကြသောသူများ ဖြစ်ကြလေသည်။ ဘလင်ကင်ရှစ်မိသားစုတွင် ယောကျ်ားသုံးယောက်ပါ၏။ ထိုသူတို့မှာ ဖခင်ဖြစ်သူ ဘင်ဘလင်ကင်ရှစ်၊ အကြီးဆုံးသောသားဖြစ်သူ ဘင်ဘလင်ကင်ရှစ်နှင့်သားအငယ် တွမ်ဘလင်ကင်ရှစ်တို့ ဖြစ်ကြလေသည်။ ဟတ်(ခ်)ဖင်းအဖြစ်ဖြင့် ဝတ္ထုထဲတွင် အသုံးတော်ခံရသော တွမ်ဘလင်ကင်ရှစ်မှာ မတ်(ခ်)တွိန်းရေးသားဖော်ပြသည့်အတိုင်း အဝတ်အစားစုတ်နုတ်၍ ရေကူးသန်ပြီးလျှင် စိတ်နှလုံးကောင်းမွန်သောသူ တစ်ဦးဖြစ်ခဲ့ပေသည်။ သူ့အားမိဘများက မည်သို့မျှ ထိန်းသိမ်းမှုမရှိ၊ သူလိုရာသို့ သွားလာလည်ပတ်၍နေသော သူငယ်လည်း ဖြစ်၏။ အလုပ်အကိုင်လည်းမရှိ။ ကျောင်းတက်သော သူငယ်လည်း မဟုတ်ပေ။ ကောင်းဆိုးမဟူ သူလုပ်ချင်ရာကို လုပ်၍ နေသော သူငယ်သာလျှင် ဖြစ်ပေသည်။ ဤမျှ လွတ်လပ်၍နေသောကြောင့် မိဘများ၏

mgyoe.com

mgyoe.com

အုပ်ထိန်းမှု စက်ဝိုင်းအတွင်း အချုပ်အချယ်ခံ၍နေရသော သူငယ်ကလေးများသည် တွမ်ဘလင်ကင်ရှစ်ကဲ့သို့ လွတ်လပ်လိုသော ဆန္ဒပြင်းထန်၍နေကြပေသည်။ တွမ်ဘလင်ကင်ရှစ်သည် ငါးမျှားဘက်၏။ ထောင်ချောက်ထောင်တတ်၏။ တော၏ဓလေ့နှင့်မြစ်၏ လျှို့ဝှက်ချက်များကို သိသောသူဖြစ်လေရာ သူ၏အပေါင်းအသင်းများသည် သူ့အားအထင်ကြီး၍ နေကြပေသည်။

ဘလင်ကင်ရှစ် မိသားစုသည် ကလီးမင်းတို့၏အိမ်နောက်ဖေးသို့ ရောက်လာသောအခါ၌ ဆယ်မြူရယ်ကလေးအား ခင်မင်နေကြ၏။ ဆယ်မြူရယ်၏ အဖို့တွင်လည်း လွတ်လပ်စွာ နေတတ်သော ဘလင်ကင်ရှစ်မိသားစုကို အားကျ၍နေလေသည်။ ထို့ကြောင့်ပင် တွမ်ဘလင်ကင်ရှစ်က လေချွန်လိုက်သည်နှင့်တစ်ပြိုင်နက် ဆယ်မြူရယ်သည် အချိန်မရွေး တွမ်ရှိရာသို့ရောက်လာပေသည်။ သို့ရောက်လာသည်နှင့်တစ်ပြိုင်နက်ဆိုးပေတစ်စုဖြစ်ကြသော တွမ်ဘလင်ကင်ရှစ်နှင့်တကွ ဆယ်မြူရယ်၊ ဂျွန်ဘရစ်နှင့် အခြားသူငယ်သုံးဦးတို့သည် ဆိုးပေဂိုဏ်းဖွဲ့ပြီးဖြစ်၍ သွားကြပေသည်။

ဆိုးပေတစ်စု၏ ကစားကွင်းမှာကား ကျယ်ဝန်းလှပေသည်။ မြောက်ဘက်တွင်ရှိသော တောင်ကုန်းတွင်လည်း ကစားကြ၏။ တောင်ဘက်တွင်ရှိသောမြစ်ဘေး ဂူကြီးတွင်လည်း ကစားကြ၏။ လယ်ကွင်းများနှင့်တကွ တောတန်းမုန်သမျှများတွင် သူတို့၏ ခြေရာများသည် ထပ်၍နေလေသည်။ မြစ်ကမ်းပါး နှစ်ဖက်စလုံး မရောက်ဖူးသောနေရာဟူ၍ မရှိသည့်အပြင် မြစ်ထဲက ကျွန်းများသို့ပင်သွား၍ဆော့ကစားကြ၏။ ဆိုးပေကလေးတစ်စုတို့သည် ဆော့၍လည်းကောင်း၊ ရေကူး၍လည်းကောင်း၊ ပျော်ချင်တိုင်းပျော်၍ နေကြပြီးလျှင်လေ့လော်ရာတွင်လည်း များစွာ ကျွမ်းကျင်၍ နေကြလေသည်။ သူတို့

mgyoe.com

mgyoe.com


တိတ်တိတ်ပုန်းသစ်သီးခိုး၍ မစားဖူးသောသစ်သီးခြံဟူ၍ မရှိဘဲ သူတို့ ခိုး၍ မစီးဖူးသောလှေဟူ၍လည်း မရှိပေ။

ဆိုးပေကလေးတစ်စုတို့သည် ဟန်နီးဘော်မြို့ထက် နှစ်မိုင်မျှ အထက်ကျသော ကျွန်းသို့မကြာခဏသွား၍ ပျော်ပွဲစားထွက်ကြလေ့ ရှိသည်။ ထိုကျွန်းတွင် လိပ်များနှင့်တကွ လိပ်ဥများရှိပြီး ငါးလည်း ပေါများလှပေသည်။ ထိုအချိန်များမှ သူတို့၏ အပျော်ဆုံးအချိန်မှာ ငါးမျှားချိန်နှင့် ရေကူးချိန် ဖြစ်ပေသည်။ ထိုအချိန်မှလွဲ၍ ကျန်အချိန်များ ကို သစ်သီးခိုး၍စားခြင်းအားဖြင့် ပျော်ပိုက်မွေ့လျော်လျက် ရှိနေကြပေ သည်။ ထိုကျွန်းမှာ မတ်(ခ်)တွိန်းရေးသော စာအုပ်ထဲ၌ တွမ်ဆောယား နှင့် သူ၏ ပင်လယ်ဓားပြဂိုဏ်းတို့ စွန့်စားခန်းများ ပြုလုပ်ကြသော ကျွန်းဖြစ်၍ လာခဲ့လေသည်။ ထို့ပြင် ထိုကျွန်းသည် မတ်(ခ်)တွိန်း၏ စာအုပ်ထဲ၌ နစ်ဂါးဂျင်အား ဟတ်(ခ)ဖင်းက တွေ့ရှိသော ကျွန်းလည်း ဖြစ်၍ လာခဲ့ပေသည်။ ညနေပိုင်းသို့ရောက်ပြီဆိုလျှင် ဆယ်မြူရယ် ခေါင်းဆောင်သော ဆိုးပေကလေးတစ်စုတို့သည် ထိုကျွန်းသို့ ရေကူး၍ သွားပြီးလျှင် ကျွန်းဦးရှိသောင်ပြင်ပေါ်၌ တစ်နာရီခန့် မြူးထူးခုန်ပေါက် ကာ ကစားပြီးနောက် ကမ်းဘက်သို့ ပြန်၍ကူးလာကြလေသည်။ တစ်နေ့တွင် ဆယ်မြူရယ်ကလေးသည် မြစ်ကမ်းသို့ရောက်ခါမှ ကျွန်း သို့တစ်ခေါက်ပြန်၍ ကူးသွားရာ ထိုခရီးမှာ စုစုပေါင်း ၂ မိုင်ခန့်ရှိ သဖြင့် ဆယ်မြူရယ်သည် ရေလယ်ကောင်တွင် ကြွက်တက်လေတော့သည်။ ရေနစ်မည်ကဲ့သို့ ဖြစ်ပြီးနောက် လက်နှစ်ဖက်အားကိုးသက်သက်ဖြင့် ကျွန်းသို့အရောက် ကူးခဲ့ရဖူးလေသည်။

ဆယ်မြူရယ်၏ စွန့်စားခန်းအားလုံးတို့ကိုသာ စာဖွဲ့ရမည်ဆိုပါ လျှင် "တွမ်ဆောယား"ကဲ့သို့သော ဝတ္ထုစာအုပ်ပေါင်းများစွာပင်လျှင် ထွက်ပေါ်လာနိုင်မည် ဖြစ်ပေသည်။ ထိုခေတ် ထိုအခါက ဆယ်မြူ

mgyoe.com

mgyoe.com


ရယ်တို့မှာ ငွေကြေးအလွန်ရှားပါးလျက် ရှိ၏။ တစ်ခါတစ်ရံတွင် ဆိုးပေ ကလေးတစ်စုလုံးတွင် ပိုက်ဆံတစ်ပြားမှ မရှိသောအခါများနှင့် ကြုံ၍ နေတတ်ပေသည်။ တစ်နေ့တွင် တွမ်ဘလင်ကင်ရှစ်သည် ခွေးတူ ဝက်တူတစ်ကောင်ကို ထောင်ချောက်နှင့်ဖမ်း၍မိ၏။ ထို အကောင်ကို အရေခွံခွာပြီး ရောင်းချပါက ငွေဆယ်ဆင့် ရနိုင်လေသည်။ ငွေဆယ် ဆင့်မှာ ဆိုးပေဂိုဏ်းအတွက် နည်းပါးလှလေရာ ဆိုးပေတို့သည် ငွေပို၍ ရသော နည်းလမ်းကို ရှာကြံကြလေတော့သည်။

ဆိုးပေဂိုဏ်းသည် သားရေများဝယ်သော ဆင်း(စ်)ဈေးဆိုင်၏ နောက်ဘက်၌ ပြတင်းပေါက်တစ်ပေါက်ပွင့်၍ နေသည်ကို တွေ့ကြရ၏။ ဤတွင် တွမ်ဘလင်ကင်ရှစ်သည် ခွေးတူဝက်တူ၏သားရေခွံကို ဆိုင်ပိုင်ရှင် ဆင်း(စ်)အား ဆိုင်ရှေ့ပေါက်မှနေ၍ ဆယ်ဆင့်နှင့် ရောင်း လိုက်၏။ ဆင်း(စ်)သည် ထိုသားရေခွံကို နောက်ဖေးခန်းထဲရှိ သားရေ များထားသော အခန်းထဲသို့ ပစ်၍ထည့်လိုက်လေသည်။ ခဏတာမျှ စောင့်ဆိုင်းနေပြီးနောက် တွမ်ဘလင်ကင်ရှစ်သည် ပွင့်၍နေသော နောက်ဖေးပြတင်းပေါက်မှ ဝင်ကာ ခွေးတူဝက်တူ သားရေခွံကို ယူပြီး လျှင် ဆိုင်ရှေ့ပေါက်သို့သွား၍ ဆိုင်ရှင်ဆင်း(စ်)အား နောက်တစ်ကြိမ် ထပ်၍ ဆယ်ဆင့်နှင့်ရောင်းပြန်လေတော့သည်။ တစ်နေ့လုံး ဤကဲ့သို့ အကြိမ်ကြိမ် ရောင်းသောအခါ၌ ဆိုးပေဂိုဏ်း၏ ရန်ပုံငွေမှာ တိုးသည် ထက်တိုး၍ လာရလေသည်။ ညနေပိုင်းသို့ရောက်သောအခါ ဆင်း(စ်) ၏ဆိုင်အရောင်းစာရေးဖြစ်သော ဂျွန်ပီးယား(စ်)က ဆိုင်ရှင်အား... "ဒီမှာ မစ္စတာဆင်း(စ်)...တစ်ခုခုတော့ဖြစ်နေပြီ ထင်တယ်... ဟောဟိုကလေး ဟာ ကျွန်တော်တို့ဆီကိုလာပြီး ခွေးတူဝက်တူ သားရေခွံကို တစ်နေ့လုံး တစ်ခါပြီးတစ်ခါ လာပြီးရောင်းနေသဗျ"ဟု ပြောလိုက်၏။ ဆိုင်ပိုင်ရှင် ဆင်း(စ်)သည် သူ၏သားရေများထားသော အခန်းကို ဝင်၍ကြည့်သော

mgyoe.com

mgyoe.com


အခါ၌ ထိုအခန်းထဲတွင် သိုးသားရေခွံများ၊ နွားသားရေများနှင့် တစ်ခုတည်းသော ခွေးတူဝက်တူ သားရေခွံတို့ကို တွေ့ရလေသည်။ ထိုခွေးတူဝက်တူ သားရေခွံမှာ မကြာခင်ကလေးကမှ သူဝယ် လိုက်သော သားရေခွံဖြစ်လေသည်။ နှစ်ပေါင်းများစွာ ကြာခဲ့သောအခါတွင် ဆင်း(စ်)သည် ထိုအဖြစ်အပျက်ကလေးကို ရယ်ကာမောကာနှင့် တသသပြော၍ မဆုံးနိုင်အောင် ဖြစ်နေခဲ့ရဖူးလေသည်။

ဆိုးပေကလေးတစ်စုတို့၏ ကျက်စားပျော်မြူးရာ ထိုနေရာမှာကား ဟောလီးဒေးဟီး(လ)ခေါ် တောင်ကုန်းပင် ဖြစ်လေသည်။ ဆိုးပေတို့ တစ်စုသည် ထိုတောင်ကုန်းပေါ်သို့ တက်ပြီးနောက် တောင်ကုန်းပေါ် တွင်ရှိသော ကျောက်တုံးများကို တောင်စောင်းမှ လှိမ့်ချ၍ကစား လေ့ရှိကြသည်။ သို့ကစားရာ၌ ကျောက်တုံးများ လိမ့်ကျလာသောအခါ တွင် တောင်ခါးပန်းတွင်ရှိသော လမ်းအတိုင်း မြင်းလှည်းမောင်းလာ သောသူများ ကြောက်ရွံ့လောက်အောင် အချိန်ကိုက်၍ လှိမ့်ချကြစမြဲ ဖြစ်၏။ သူတို့လှိမ့်ချလိုက်သော ကျောက်တုံးများသည် တောင်ခါးပန်း လမ်းသို့ ရောက်ချိန်၌ အမြောက်ဆန်တမျှ အရှိန်ပြင်းထန်၍နေတတ်ပေ သည်။

ကျောက်တုံးတစ်တုံးကို ရွေးချယ်၍ ပြီးပြီဆိုလျှင် ဆိုးပေကလေး တို့သည် ထိုကျောက်တုံးကို တောင်ကုန်းစောင်းတွင် အသင့်ထားပြီး နောက် တောင်ခါးပန်းလမ်းတွင် မြင်းရထားတစ်စင်းအလာကို စောင့် တတ်လေသည်။ မြင်းရထားမောင်း၍လာသည်ကို မြင်ရပြီဟုဆိုလျှင် ဆယ်မြူရယ်တို့ လူစုသည် ကျောက်တုံးလိမ့်ကျသွားမည့် အချိန်နှင့် မြင်းရထားဖြတ်လာမည့်အချိန်ကို ညှိကာ ကျောက်တုံးကို တွန်းချ လိုက်ကြ၏။ ကျောက်တုံးလိမ့်ကျသွားသောအခါ၌ ဆယ်မြူရယ်တို့ သည် ချုံပုတ်ထဲတွင် ပုန်းအောင်းပြီးလျှင် မြင်းရထားရှေ့က ကျောက်

mgyoe.com

mgyoe.com


တုံးကြီးလိမ့်ဆင်းသွားသောအခါ မြင်းရထားပေါ်က လူတွေထိတ်လန့်ကြပုံကို အားရပါးရ ကြည့်တတ်ကြလေ့ရှိကြပေသည်။ တစ်နေ့သောအခါတွင် ဆယ်မြူရယ်တို့လူစုသည် ကျောက်တုံးလိမ့်၍ ကစားနည်းနှင့် ပတ်သက်၍ အကြီးအကျယ်ဆုံးသော ကစားနည်းမျိုးဖြင့် ကစားရန်ဆုံးဖြတ်လိုက်ကြပြီးလျှင် တောင်ကုန်းစောင်းကို လိမ့်၍ချရန် အကြီးဆုံး ကျောက်တုံးကြီးတစ်တုံးကို ရွေးချယ်လိုက်ကြလေသည်။ ထိုကျောက်တုံးကြီးမှာ ကြီးမားလွန်းလှသဖြင့် ဆယ်မြူရယ်တို့လူစုသည် တော်တော်နှင့်နေရာမှ ရွေ့၍မရနိုင်ဘဲ ရှိနေကြရလေသည်။ ဤအချိန်တွင်ပင် လမ်းခင်းကျောက် ထုခွဲသူအချို့တို့သည် မနီးမဝေးတစ်နေရာရှိကျောက်ကျင်းတွင် အလုပ်လုပ်လျက် ရှိကြလေသည်။

ဆယ်မြူရယ်တို့သည် အလုပ်သမားများ အလုပ်နား၍ အိမ်ပြန်သွားကြသောအချိန်၌ အလုပ်သမားများ ထား၍ပစ်ခဲ့ကြသော ပေါက်ချွန်းများကိုသွား၍ယူပြီးလျှင် ကျောက်တုံးကြီးကို ထိုပေါက်ချွန်းများဖြင့် ကုတ်ကော်၍ လမ်းစောင်းသို့ ရောက်အောင်ပို့ကြလေသည်။ နာရီပေါင်းများစွာ ကုတ်ကော်၍ ကျောက်တုံးကြီးကို လိမ့်ကြသောအခါတွင်ကျောက်တုံးကြီးသည် တောင်ကုန်းစောင်းသို့ရောက်၍လာ၏။ နောက်ဆုံးအနေဖြင့် ကုတ်ကော်လိုက်သောအခါ၌ ကျောက်တုံးကြီးသည် တောင်စောင်းတွင် တဲတဲကလေး တည်နေရမည့်အစား ချက်ချင်းပင် တောင်စောင်းအတိုင်း လိမ့်၍ဆင်းသွားလေတော့သည်။ ထိုအချိန်၌ တောင်ခါးပန်းလမ်းပေါ်တွင် အသားမည်း နီဂရိုးအဘိုးကြီးတစ်ယောက်သာလှည်းမောင်းလာနေ၏။ ဤတွင် ဆယ်မြူရယ်တို့ လူစု၏စိတ်ထဲ၌ "တို့ကျောက်တုံးကြီးတော့ အလကားဖြစ်ပါပြီ။ ဘယ်သူမှ ကြောက်ကြတော့မှာ မဟုတ်ပါဘူး"ဟု တွေးကာ ဝမ်းနည်းပန်းနည်းများပင် ဖြစ်လိုက်ကြလေသေး၏။

mgyoe.com

mgyoe.com


ကျောက်တုံးကြီး လိမ့်၍ဆင်းသွားစဉ် ဝီ(လ်)ဘိုဝင်သည် ကံကောင်းသဖြင့်သာ ကျောက်တုံးကြီး၏ ရိုက်ခတ်သွားခြင်းကို မခံရဘဲ ရှိလေသည်။ ဂျွန်ဘရစ်သည်လည်း ထို့အတူပင် ဖြစ်၏။ ကျောက်တုံးကြီး စ၍လိမ့်သောအခါ၌ ဆယ်မြှုရယ်က "သတိထားကြဟေ့... ကျောက်တုံးကြီးလိမ့်ပြီ"ဟု အော်လိုက်သောကြောင့်သာ မည်သူမျှ ဒဏ်ရာမရဘဲ ဘေးကင်း၍သွားရခြင်း ဖြစ်လေသည်။

စ၍လိမ့်ကျသွားသည်တွင် လက်ဦး၌ ကျောက်တုံးကြီးသည် မြေနှင့်ကပ်၍သာ လိမ့်နေ၏။ အရှိန်ရလာသောအခါ၌ ကျောက်တုံးကြီးသည် ခုန်ပေါက်၍ မြေကြီးနှင့်တစ်ခါတစ်ခါ လုံးဝလွတ်၍သွားအောင် လိမ့်နေလေတော့သည်။ တောင်စောင်းထက်ဝက်ခန့် လိမ့်မိသောအခါတွင် ကျောက်တုံးကြီးသည် သစ်ပင်ငယ်တစ်ပင်ကို ဝင်၍ဆောင့်မိရာ၊ သစ်ပင်ငယ်မှာ ထက်ပိုင်းကျိုး၍ သွားရလေသည်။ ဤတွင် ကျောက်တုံးကြီးသည် အနည်းငယ်လမ်းလွဲ၍ သွားရ၏။ လှည်းပေါ်ရှိအဘိုးကြီးသည် ကျောက်တုံးကြီးကျလာသံကို ကြားရသောအခါတွင် အပေါ်သို့ မော့ကြည့်လိုက်ပြီး မိမိဆီသို့ ကျောက်တုံးကြီးလိမ့်ကျလာသည်ကိုမြင်ရသောအခါ၌ သူ၏လှည်းကလေးကို လျင်မြန်စွာ မောင်းနှင်၍ ကျောက်တုံးကြီးထိခံရမည့် ဘေးအန္တရာယ်မှ ကင်းလွတ်အောင် ကြိုးစား၍ နေရှာလေသည်။

ဆယ်မြှုရယ်တို့ လူစုသည် သူတို့လိမ့်ချလိုက်သော ကျောက်တုံးကြီးကို စိတ်ပါဝင်စားစွာ ကြည့်၍နေကြ၏။ ကျောက်တုံးကြီးသည် နီဂရိုးအဘိုးကြီးနှင့် သူ၏လှည်းရှိရာသို့ အရှိန်နှင့်ခုန်ပေါက်၍ လိမ့်ဆင်းသွား၏။ အဘိုးကြီး၏လှည်းရှိရာ လမ်း၏တစ်ဖက်တွင် ဈေးဆိုင်တစ်ဆိုင် ရှိလေသည်။ ထိုဈေးဆိုင်မှာ အိမ်ဆိုင်အလွတ် ဖြစ်လေသည်။ ဆယ်မြှုရယ်တို့လူစုသည် အသက်မျှ မရှူအားဘဲ ပါးစပ်အဟောင်း

mgyoe.com

mgyoe.com


သားနှင့် ကြည့်၍နေကြ၏။ ထိုအခိုက်တွင် သူတို့၏မျက်စိများကို သူတို့မယုံနိုင်သောအဖြစ်အပျက်တစ်ခုသည် ဖြစ်ပျက်၍သွား၏။ ကျောက်တုံးကြီးသည် ရှေ့သို့စွန်းရွဲ့ထွက်နေသော ကျောက်စွယ်တစ်ခုနှင့်ဝင်၍ တိုက်မိလေရာ ကျောက်တုံးကြီးသည် လေထဲသို့ မြောက်၍ ခုန်တက်ပြီးသွားကာ နီဂရိုးကြီး၏အပေါ်မှ ကျော်၍ လမ်းစောင်းရှိ ဖုတ်တောထဲသို့ ကျ၍သွား၏။ ကျောက်တုံးကြီးမှ ပဲ့၍ထွက်သွားသော အစတစ်ခုသည် ဆိုင်အလွတ်ကိုဝင်၍ ထိမှန်လေသည်။ ဆိုင်အနည်းငယ် ပျက်သွားသော်လည်း လုံးဝပြိုပျက်ခြင်းကား မရှိပေ။

ဆိုးပေကလေးတစ်စုတို့၏ဂိုဏ်းတွင် ဆယ်မြူရယ်သည် ခေါင်းဆောင်ဖြစ်၍ နေလေသည်။ ဆယ်မြူရယ်ပြောသမျှစကားများသည် ဆိုးပေဂိုဏ်းအပေါ်တွင် အာဏာတည်၍နေ၏။ အမျိုးမျိုးအထွေထွေ ကစား၍ နေရာက ဆယ်မြူရယ်ကတစ်မျိုးပြောင်း၍ ကစားဖို့ပြောလျှင် ဆိုးပေတစ်ဂိုဏ်းလုံးပင် ကစားနည်းပြောင်း၍ ကစားနေကြလေသည်။ ဆိုးပေကလေးများသည် အကြံသစ်ဉာဏ်သစ်များရရန် ဆယ်မြူရယ်ကို အားကိုးကြ၏။ "တွမ်ဆောယား"ဝတ္ထုထဲတွင် ဆိုးပေကလေးများသည် တွမ်ဆောယားကို ခေါင်းဆောင်တင်မြှောက်၍ ထားကြသည့်နည်းတူသကဲ့သို့ သက်ရှိဆိုးပေကလေးများသည်လည်း ဆယ်မြူရယ်အား ခေါင်းဆောင်တင်မြှောက်၍ ထားကြပေသည်။

ဆယ်မြူရယ်သည် နိုင်ငံကျော်စာရေးဆရာကြီးတစ်ယောက်ဖြစ်၍ လာလိမ့်မည်ဟု တစ်ခါမျှ အိပ်မက်ပင် မက်ဖူးသောသူမဟုတ်ပေ။ ဆယ်မြူရယ်၏ အမြင့်မားဆုံးသော ရည်ရွယ်ချက်မှာ သင်္ဘောမာလိန်မှူးတစ်ယောက် လုပ်ကိုင်ရန်ပင် ဖြစ်လေသည်။ သင်္ဘောမာလိန်မှူးဆိုသော ပုဂ္ဂိုလ်သည် သင်္ဘောကြီးတစ်စင်းလုံးကို ရှင်ဘုရင်သဖွယ် မင်းမူရပြီး အလွန်တရာကြီးမားလှသော လစာငွေကို ရရှိသော ပုဂ္ဂိုလ်ဟူ၍

mgyoe.com

mgyoe.com


ဆယ်မြူရယ်၏စိတ်ထဲ၌ စွဲမှတ်၍ထားလေသည်။ အကယ်၍ သဘော် မာလိန်မှူး မဖြစ်ရပါလျှင် ဆယ်မြူရယ်သည် ပင်လယ်ဓားပြ သို့မဟုတ် တောပုန်း၊ သို့မဟုတ် ကင်းထောက်စစ်သားလုပ်ချင်၍ နေလေသည်။ အကြောင်းမှာမူ သူ၏ စကားတစ်လုံးသည် အာဏာတည်သော စကားတစ်လုံးဖြစ်စေချင်သောကြောင့်ပေတည်း။

ဆယ်မြူရယ်ကလီးမင်းကလေးသည် မြစ်ဘေးရှိဂူကြီးထဲ၌ ဆော့ကစား၍ အားမရနိုင်ရှိ၍နေပေသည်။ သူတို့နေထိုင်ရာဟန်နီးဘော် မြို့နှင့် ကျောက်ဂူမှာ ၃ မိုင်လောက်ဝေးလေသည်။ အချိန်ရပြီဟု ဆိုလျှင် ဆယ်မြူရယ်သည် ထိုဂူကြီးသို့သွား၍ ကစားလေ့ရှိ၏။ ထိုကျောက်ဂူကြီး သည် တောပုန်းတစ်ယောက်ခိုအောင်းရန် အလွန်သင့်တော်သည်ဟု ဆယ်မြူရယ်က ယူဆပေသည်။ ထိုဂူထဲ၌ ဆယ်မြူရယ်သည် သူ၏ နောက်လိုက် ဆိုးပေကလေးတစ်စုနှင့် ရှုပ်ရှုပ်ပွေပွေ ကစားနည်းများကို ကစား၍နေလေ့ရှိပေသည်။ ဆိုးပေကလေးများသည် ဆယ်မြူရယ်စီစဉ် ၍ပေးသမျှ ကစားနည်းများနှင့် ကစားရင်း ပျော်၍မဆုံးနိုင်အောင် ရှိ၍ နေကြပေသည်။ "တွမ်ဆောယား"ဝတ္ထုထဲ၌ "အင်ဒီးယန်းဂျိုး"အမည်ရှိ ဇာတ်ကောင်သည် ထိုဂူကြီးထဲတွင် သေဆုံး၍သွားလေသည်။ တကယ့် အဖြစ်မှာမူကား အင်ဒီးယန်းဂျိုးသည် ဂူကြီးထဲတွင် သေဆုံးခြင်းမရှိ။ သို့သော် တစ်ခါ၌ လမ်းပျောက်ခဲ့ဖူးလေသည်။ အင်ဒီယန်းဂျိုးမှာ ဝတ္ထုစာအုပ်ထဲတွင် ပါသလောက် ဆိုးသော ဆိုးပေကလေးမဟုတ်ပေ။ အင်ဒီးယန်းဂျိုး တကယ်သေဆုံးသောညက မိုးမှောင်ကြီးကျကာ လျှပ်စီး များ ထစ်ချုန်း၍ နေ၏။ ဆယ်မြူရယ်သည် အင်ဒီးယန်းဂျိုးအတွက် ဆုတောင်းရင်း တစ်ညလုံး အိပ်မပျော်ဘဲ ခေါင်းမြီးခြုံကာ တုန်လှုပ် ချောက်ချား၍ နေခဲ့ရပေသည်။

"တွမ်ဆောယား"ဝတ္ထုထဲတွင် ဆိုးပေကလေးတစ်စုတို့ ရတနာ

mgyoe.com

mgyoe.com


သိုက် တူးဖော်ကြသော အခန်းတစ်ခန်းပါ၏။ ထိုအခန်းကို ရေးသားရန် လှုံ့ဆော်လာသော တကယ့်ဖြစ်ရပ်များမှာကား အောက်ပါအတိုင်း ဖြစ်လေသည်။

တစ်ခါကသားမွေးကောင်များကို ထောင်ချောက်ထောင်၍ ဖမ်းသော ပြင်သစ်လူမျိုး မုဆိုးနှစ်ယောက်တို့သည် ရွှေဒင်္ဂါးများပါသော သေတ္တာတစ်လုံးကို ဟန်နီးဘော်မြို့နှင့် ၂ မိုင်မျှဝေးသော နေရာတွင် မြှုပ်နှံခဲ့ကြ၏။ ဆယ်မြှုရယ်တို့ခေတ်တိုင်အောင် ထိုရတနာသိုက်မှာ ရှိမြဲရှိ၍နေလေသည်။ ဝတ္ထုထဲတွင် 'ဟတ်(ခ်)ဖင်း'အမည်နှင့် ဇာတ်ကောင်အဖြစ် ရေးသားခြင်းခံရသော "တွမ်ဘလင်ကင်းရှစ်" သည် တစ်နေ့၌ ထိုရတနာသိုက် ရှိသောနေရာကို အိပ်မက်ထဲတွင် သိရသည် ဆို၏။ အကယ်၍ အခြားဆိုးပေကလေးအားလုံးကို မိမိနှင့်အတူ လိုက်လာပြီး ထိုရတနာသိုက်ကို တူးဖော်မည်ဆိုပါက ရတနာအားလုံး ညီမျှစွာခွဲဝေ၍ ပေးရမည်ဟု ဆိုလေသည်။ တွမ်ဘလင်ကင်းရှစ်သည် ရတနာသိုက်တူးဖော်ရာတွင် သူကိုယ်တိုင် ပါဝင်တူးဖော်ခြင်းမပြု။ အဘယ်ကြောင့်ဆိုသော် သူသည် ရတနာသိုက်ရှိသောနေရာကို အိပ်မက်မက်၍ ပေးရသောကြောင့်ဖြစ်သည်ဟု ဆို၏။ ဆိုးပေကလေးများသည် တွမ်ဘလင်ကင်းရှစ်၏ စကားကို ယုံကြည်ကာ တစ်နေ့လုံး လိုလိုပင် မြေကြီးကို တူးဖော်ကြလေသည်။ တစ်နေ့လုံး တူးဖော်ကြသော်လည်း မည်သည့်ရတနာကိုမျှ မတွေ့ကြ။ နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါ ဆိုးပေကလေးတစ်စုတို့သည် သံချောင်းရှည်ကြီးနှစ်ခုကို ယူ၍ မြေကြီးထဲသို့ ထိုးသွင်းကြည့်ကြ၏။ တစ်ခုခုတွေ့ရလိမ့်မည်ဟု မျှော်လင့်၍ထားကြသော်လည်း မည်သည့်ရတနာသိုက်ကိုမျှ မတွေ့ဘဲ ရှိလေသည်။ ညနေစောင်းသောအခါ ဆိုးပေကလေးများက ဆက်၍ တူးဖော်လျှင်လည်း ရတနာတွေ့ရမည် မထင်၍ မတူးဖော်ဘဲနေကြ

mgyoe.com

mgyoe.com


တော့မည်ဟု ဆုံးဖြတ် လိုက်ကြလေသည်။ သို့သော် တွမ်ဘလင်ကင်းရှစ်သည် အခြားအိပ်မက်တစ်ခုကို မက်ပြန်လေသည်။ သူ့အိပ်မက်အရဆိုလျှင် သဘော်ပင်ကလေးတစ်ပင်အောက်၌ ရတနာသိုက် တကယ်ရှိသည်ဟူ၍ဖြစ်၏။ သူ့စကားမှာ ယုံကြည်စရာဖြစ်နေသောကြောင့် ဆိုးပေကလေးတစ်စုတို့သည် သဘော်ပင်ကလေးအောက်တွင် ဆက်၍ ရတနာသိုက်ကို တူးကြပြန်လေသည်။ သို့သော် မည်သည့်ရတနာသိုက်ကိုမျှ မတွေ့ကြပေ။ နောက်ဆုံးတွင် တွမ်ဘလင်ကင်းရှစ်ကိုယ်တိုင်ပင် ရတနာသိုက်တူးဖော်ရေးလုပ်ငန်းကို ရပ်စဲ၍ ပစ်လိုက်ရလေသည်။ သူ၏မှတ်ချက်မှာကား "တို့တစ်တွေ တူးပုံဖော်ပုံ မဟုတ်လို့ မတွေ့ရတာကွ"ဟူ၍ ဖြစ်သတည်း။ ဤအချက်အလက်များကိုထောက်၍ ဟတ်(ခ်)ဖင်းတည်းဟူသော ဇာတ်ကောင်၏မူလဖြစ်သူ တွမ်ဘလင်ကင်းရှစ်ကို အခြားသော ဆိုးပေကလေးများက မည်မျှ လေးစားကြသည်ဆိုသည်ကို ထင်ရှားစွာသိနိုင်ပေသည်။

ဟတ်(ခ်)ဖင်းတည်းဟူသော ဇာတ်ကောင်ကို ဖန်တီးရာ၌ မတ်(ခ်)တွိန်းသည် တွမ်ဘလင်ကင်းရှစ်၏ ညီဖြစ်သူ ဘင်ဘလင်ကင်းရှစ်ကိုလည်း ထည့်သွင်းအသုံးပြု၍ ထားလေသေးသည်။ ဘင်ဘလင်ကင်းရှစ်မှာ ဆယ်မြို့ရယ်တို့ထက် အသက်အတော်ကြီးပြီးလျှင် သူ့ထက်ငယ်သော ဆိုးပေကလေးများကို အနိုင်ကျင့်တတ်သော သူတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် ဘင်ဘလင်ကင်းရှစ်အား အငယ်စား ဆိုးပေကလေးများက အမြင်ကပ်ကြလေသည်။ သို့သော် ဘင်ဘလင်ကင်းရှစ်သည် ဆိုးပေအငယ်စားများအပေါ်၌ မည်မျှပင် ဆိုးရွားစေကာမူ သူ၏အသည်းနှလုံးထောင့်နေရာတစ်ခု၌ သနားကြင်နာတတ်သော စိတ်ကလေးလည်း ရှိ၍နေလေသေးသည်။ ထို့ကြောင့်ပင် မတ်(ခ်)တွိန်းအဖြစ်ဖြင့် ဆယ်မြို့ရယ်ရေးသားသော "တွမ်ဆော

mgyoe.com

mgyoe.com


ယား”ဝတ္ထုထဲ၌ ဘင်ဘလင်ကင်းရှစ်က နိဂရိုးငွေဝယ်ကျွန် နစ်ဂါးဂျင်အား ကယ်ဆယ်ပုံကို ထည့်သွင်းရေးသားနိုင်ခဲ့လေသည်။

တကယ့်ဖြစ်ရပ်မှာကား ဤသို့ပင်ဖြစ်လေသည်။ တစ်နေ့တွင် ငွေဝယ်ကျွန်တစ်ယောက်သည် မစ္စူရီနယ် မွန်ရိုးမြို့မှနေ၍ ထွက်ပြေးကာ မြစ်ကြီးကိုဖြတ်ကူးပြီး အီလီနွိုအစ်နယ်သို့ ရောက်သွား၏။ ဘင်ဘလင်ကင်ရှစ်သည် ထိုငွေဝယ်ကျွန်ရောက်၍သွားသော စိမ့်စမ်းများတွင် အမြဲငါးမျှားလေ့ ရှိသူဖြစ်လေသည်။ ဘင်သည် ထွက်ပြေးလာသော ငွေဝယ်ကျွန်ကိုသွား၍ တွေ့၏။ ထိုခေတ်ထိုအခါက ထွက်ပြေးလာသော ငွေဝယ်ကျွန်များကို ပိုင်ရှင်ထံသို့ အရောက်ပြန်ပို့ပေးသော အလုပ်မှာ ကုသိုလ်ကောင်းမှုကြီးတစ်ခု ဖြစ်၍နေခဲ့၏။ ပြေးလာသော ငွေဝယ်ကျွန်ကို ပြန်၍မပို့ပါက ရာဇဝတ်မှုများပင် သင့်နိုင်လေသည်။ ထို့ပြင် ထွက်ပြေးလာသော ငွေဝယ်ကျွန်တစ်ယောက်ကို ပိုင်ရှင်ထံပြန်ပို့နိုင်ပါက ဒေါ်လာ ၅၀ တည်းဟူသော ဆုငွေကြီးကိုလည်း ရနိုင်လေသေးသည်။ ဘလင်ကင်းရှစ်တို့ ဆိုးပေတစ်သိုက်မှာ ဆိုးပေဂိုဏ်းအတွက် ရန်ပုံငွေများစွာလို၍နေကြပေရာ ငွေဝယ်ကျွန်ကို ပိုင်ရှင်ထံပြန်၍ရောက်အောင် လုပ်ချင်စရာကောင်း၍ နေလေတော့သည်။ သို့သော်လည်း ဘလင်ကင်းရှစ်သည် ငွေဝယ်ကျွန်ကို တစ်နွေလုံးလိုလို ပိုင်ရှင်ပြန်၍ ဖမ်းမမိအောင် ဝှက်၍ထား၏။ ထို့နောက် တဖြည်းဖြည်းနှင့် ငွေဝယ်ကျွန်တစ်ယောက် ပုန်းခိုနေသည့်သတင်းကို လူအများ သိ၍လာကြပေသည်။ ဤတွင် သစ်ခုတ်သမားတစ်စုတို့သည် ပုန်းခို၍နေသော ငွေဝယ်ကျွန်ကို တောနင်း၍ ရှာဖွေကြရာ ငွေဝယ်ကျွန်သည် မြစ်ကိုဖြတ်၍ ကူးပြေးရာ ရေနစ်၍ သေဆုံးရှာလေသည်။ တွမ်ဆောယားစာအုပ်ထဲ၌ ဟတ်(ခ်)ဖင်း၏ စွန့်စားခန်းများမှာ ဥပဒေနှင့် စိတ်ဓာတ်အင်အားပြိုင်ကြသော စွန့်စားခန်းများသာ ဖြစ်၍ နေကြလေ

mgyoe.com

mgyoe.com


သည်။ ဘင်ဘလင်ကင်းရှစ်၏အသည်းနှလုံးထဲ၌ ကိုယ်ချင်းစာတတ်သော စိတ်ဓာတ်နှင့် ဆုငွေလိုချင်သော စိတ်ဓာတ်အင်အားပြိုင်ကြခြင်းပင် ဖြစ်လေသည်။ ဆုငွေကို မည်မျှပင် လိုချင်စေကာမူ ဘင်ဘလင်ကင်းရှစ်သည် လူအချင်းချင်းထားအပ်သော စေတနာကိုသာ လက်ကိုင်ထား၍ ပြေးလာသော ငွေဝယ်ကျွန်ကို လျှို့ဝှက်၍ထားသူဖြစ်လေသည်။

ရိုးသားသော "ခေတ်"များအမည်ရှိ ဝတ္ထုထဲတွင် မတ်(ခ်)တွိန်းသည် သူငယ်ရွယ်စဉ်အခါက တကယ့်ကိုယ်တွေ့ကြုံခဲ့ရသော ကြောက်မက်ဖွယ်အဖြစ်အပျက်များကို မှတ်တမ်းတင်၍ ထားခဲ့လေသည်။ သူ၏စာအုပ်ထဲ၌ မတ်(ခ်)တွိန်းသည် သူ့ဖခင်၏ရုံးခန်းကို တစ်ညတွင် သွားကြည့်ရာ လူသတ်ထားသော အလောင်းတစ်လောင်းကို တွေ့ရသည်ဟု ရေးသားခဲ့၏။ ဝတ္ထုပါ ထိုအဖြစ်အပျက်မှာ တကယ်ပင် ဖြစ်ပျက်ခဲ့လေသည်။ သေသူမှာ မွန်းလွဲပိုင်းအချိန်တွင် ဓားထိုးခံရပြီးနောက် သေသောအခါတွင်မှ သူ့အလောင်းကို ရုံးခန်းထဲသို့လာ၍ ပစ်ထားကြခြင်းဖြစ်၏။ ဆယ်မြူရယ်နှင့်ဂျွန်ဘရစ်တို့သည် တစ်နေ့လုံးနံနက်မှထွက်၍ လည်ပတ်နေကြ၏။ ထို့ကြောင့် လူသတ်မှုဖြစ်ပွားသည့်အကြောင်းကို လုံးဝ မသိကြပေ။ ဆယ်မြူရယ်သည် အရိုက်ခံရမည်စိုးသောကြောင့် အိမ်သို့မပြန်တော့ဘဲ သူ့ဖခင်၏ရုံးခန်းတွင် သွား၍ အိပ်ရန်စိတ်ကူးရ၏။ အိမ်သို့ပြန်လျှင်မူ သူ့အား ရိုက်ရန် သူ့အမေက စောင့်၍နေမည်ဖြစ်၏။ ဆယ်မြူရယ်သည် သူ့ဖခင်၏ ရုံးခန်းထဲသို့ ပြတင်းပေါက်တစ်ပေါက်မှ ကျော်၍ဝင်ပြီးလျှင် အခန်းထဲ၌ လဲလျောင်း၍ နေ၏။ သို့သော် အိပ်၍ မပျော်ပေ။ပြတင်းပေါက်မှဝင်၍နေသော လရောင်သည် တဖြည်းဖြည်း နှင့် အခန်း၏အလယ်ကောင်သို့ ရွေ့လျား၍ လာပေရာ မကြာမီပင် ဆယ်မြူရယ်သည် လူသေအလောင်းကောင်ကြီးကို လရောင်ဖြင့် မြင်ရလေတော့သည်။

mgyoe.com

mgyoe.com


ထိုအချိန်တွင် ဆယ်မြို့ရယ်မှာ ၁၂ နှစ်သားအရွယ်သာ ရှိလေ၏။ သို့သော် ဆယ်မြို့ရယ်သည် အလောင်းကောင်ကြီးကို မြင်ရသော်လည်း စိတ်လှုပ်ရှားသည်မှအပ ကြောက်ရွံ့ခြင်း မဖြစ်ပေ။

ဆယ်မြို့ရယ်ကလေးသည် မစ္စတာကရော့(စ်)ဆိုသူတည်ထောင်ထားသောကျောင်းသို့ ပြောင်းရွှေ့လာခဲ့ပြန်လေသည်။ ထိုကျောင်းမှာ မြို့လယ်ပန်းခြံအနီးတွင် ရှိလေသည်။ ကျောင်းအသစ်တွင် ဆယ်မြို့ရယ်သည် မိတ်ဆွေသစ်များနှင့် တွေ့ရပြန်လေသည်။ သူ့မိတ်ဆွေများမှာ လက်တင်ဘာသာကို နိုင်နင်းသော ဂျော့ရှိဘတ်၊ အကျင့်စာရိတ္တ ကောင်းမွန်သည့်အတွက် နှစ်စဉ်ဆုတံဆိပ်ရသူ ဂျွန်ရိုဘတ်၊ စာလုံးပေါင်းတော်သူ ဘတ်ဘရောင်း၊ ဂျွန်ဂတ်နှင့်ဂျင်မီမက်ဒဲနီယံတို့ ဖြစ်ကြလေသည်။ ဂျင်မီ၏ဖခင်မှာ မုန့်ဆိုင်ပိုင်သောသူဖြစ်ရာ ဂျင်မီသည် ကျောင်းသို့ ကိတ်မုန့်များ သကြားချောင်းများ ယူလာလေ့ရှိသဖြင့် ဆယ်မြို့ရယ်က အထူးကြိုးစား၍ သင့်တင်အောင် ပေါင်းသင်း ဆက်ဆံလေသည်။

ဆယ်မြို့ရယ်၏ မိတ်သစ်ထဲ၌ ဘက်ဘီအွမ်လေ၊ အာတိမိစီယာဘရစ်နှင့် ဂျယ်နီဘရေဒီစသော မိန်းကလေးများလည်း ပါကြလေသေးသည်။ ကြီးပြင်း၍ စာအုပ်များရေးသားသောအခါ၌ ဆယ်မြို့ရယ်သည် ထိုမိတ်ဆွေမကလေးများ၏အကြောင်းကို အမှတ်တရပြန်ပြောင်းရေးသားခဲ့လေသည်။

သူ့ဇာတ်ကောင်ဖြစ်သော တွမ်ဆောယားကဲ့သို့ပင် ဆယ်မြို့ရယ်တွင် အချစ်ဆုံး မိန်းကလေးမိတ်ဆွေတစ်ဦး ရှိခဲ့၏။ စာအုပ်ထဲက တွမ်ဆောယား၏ရည်းစားအမည်မှာ ဘက်တီသက်ချာဖြစ်၏။ သက်ရှိဖြစ်သော ဆယ်မြို့ရယ်၏ ရည်းစားကလေးမှာကား လော်ရာဟောကင်းဖြစ်လေသည်။ ကလီးမင်းမိသားစုတို့နှင့် ဟောကင်းမိသားစုတို့မှာ အိမ်ချင်း

mgyoe.com

mgyoe.com


မျက်နှာချင်းဆိုင် ဖြစ်ကြလေရာ ကလေးချင်းများစွာ ခင်မင်၍ နေကြလေသည်။ ပင်လယ်ဓားပြကြီးလုပ်၍ ကစားတတ်သော ဆယ်မြူ ရယ်သည် လော်ရာကလေးနှင့် ကစားသောအခါများ၌ များစွာ သိမ်မွေ့ လေသည်။ တစ်ခါက အိမ်ဆောက်တမ်းကစားရာတွင် ဆယ်မြူရယ် ၏လက်မှ အုတ်ခဲတစ်ခဲလွတ်ကျပြီး လော်ရာ၏ လက်ဖျားကလေးကို ခိုက်မိ၏။ ထိုအခါ ဆယ်မြူရယ်သည် လော်ရာ့ထက်ပင် ကျယ်လောင် စွာနှင့် ငိုကြွေးရှည်စွာ ငိုကြွေးလေတော့သည်။ ဆယ်မြူရယ်သည် အလွန်စိတ်ထားနူးညံ့သိမ်မွေ့သူ ဖြစ်၏။ တိရစ္ဆာန်များကို အထူးချစ် တတ်ပြီး သူ့အချစ်ဆုံး သတ္တဝါမှာ ကြောင်များ ဖြစ်လေသည်။ နွေရာသီ သို့ရောက်၍ ဦးလေး၏ယာတောသို့ သွားရောက်နေထိုင်ရပြီဆိုလျှင် ဆယ်မြူရယ်သည် သူ့ကြောင်ကို ခြင်းတောင်းနှင့်ထည့်၍ ခေါ်သွားစမြဲ ဖြစ်လေသည်။ ထမင်းစားရာ၌လည်း ကြောင်နှင့်အတူတူ စားလေ့ရှိ လေသည်။

ဆယ်မြူရယ်၏ ကျောင်းသားဘဝကို ဆက်လက်၍ ဖော်ပြရ မည်ဆိုပါသော် ခပ်တိုတိုပင် ဖြစ်လေသည်။ ဆယ်မြူရယ်သည် ကျောင်းကို မုန်း၏။ တတ်နိုင်သမျှ ကျောင်းမတက်ရအောင် ကြံစည်၏။ သူသည် ကျောင်းခန်းထဲ မဆော့ရဘဲ အချိန်ကြာမြင့်စွာ ကျောင်းခန်းထဲ၌ နေရပုံကို မကျေနပ်နိုင်ပေ။ ကျောင်းတက်ရာ၌ ဆယ်မြူရယ်သည် တစ်ခုတည်းကိုသာ သဘောကျ၏။ ယင်းသည် မှာကား သောကြာနေ့ ညနေပိုင်းတွင် စာလုံးပေါင်း ပြိုင်ရခြင်းပင် ဖြစ်လေသည်။ ဆယ်မြူ ရယ်မှာ စာလုံးပေါင်းတော်သူဖြစ်ရာ ကျောင်းဆရာ မစ္စတာ ကရော့(စ်)က ပင် မကြာခဏ ချီးမွမ်းခြင်းခံရလေသည်။ ဆယ်မြူရယ်သည် စာလုံးပေါင်း အတော်ဆုံးဆုတံဆိပ်ကို အမြဲလိုလိုပင် ရ၍ နေလေသည်။ တစ်ခါတွင်မူ ဆယ်မြူရယ်သည် လော်ရာဟောကင်းကို စာလုံးပေါင်း

mgyoe.com

mgyoe.com


တွင် ရှုံးဖူးလေသည်။

ကျောင်းမနေချင်သော ဆယ်မြို့ရယ်သည် မမျှော်လင့်ဘဲနှင့် ကျောင်းထွက်လိုက်ရလေသည်။ တစ်နေ့တွင် ဖခင်ဖြစ်သူ ဂျွန်ကလီးမင်းသည် အိမ်နီးနားချင်းတစ်ဦး ငွေချေးသည်ကို ဝင်၍အာမခံမိ၏။ ငွေချေးသူက ပြန်၍မပေးဆပ်ဘဲ ရှိလေရာ ဂျွန်ကလီးမင်းမှာ ဓားခုတ်ရာတွင် လက်ဝင်၍ လျှို့မိပြီးနောက် ပစ္စည်းများကို ကြွေးရှင်က အသိမ်းခံရလေသည်။ အိမ်ကိုပင်လျှင် စိန့်လူးဝစ်မြို့ရှိ အမျိုးတစ်ယောက်က ငွေပေးကာ ရွေးပေးသဖြင့်သာ မဆုံးပါးဘဲ နေရလေသည်။ သို့သော် ထိုအိမ်တွင် ဆက်မနေနိုင်ဘဲ အခြားမိသားစုတစ်စုနှင့် ပူးပေါင်း၍ နေရလေသည်။

ဂျွန်ကလီးမင်း၏အဖို့၌ မျှော်လင့်ချက်တစ်ခုတည်းသာ ကျန်၏။ သူသည် တရားရုံးတော်တွင် ရှေ့ဖတ်စာရေးအလုပ်ကို လျှောက်၍ထား၏။ သူ့အား အလုပ်အတွက် အရွေးခံရစေရန် ဂျွန်ကလီးမင်းသည် မြို့မိမြို့ဖများကို လိုက်၍ တွေ့ဆုံ၏။ ရာသီဥတုမှာ အထူး ဆိုးရွား၍ နေလေရာ ဂျွန်ကလီးမင်းသည် ကျန်းမာရေးအခြေအနေ ပျက်ပြား၍ လာရလေသည်။

ဖေဖော်ဝါရီလကုန်လောက်တွင် ဂျွန်ကလီးမင်းသည် ရုံးရှိရာ ပါလမီရာမြို့သို့သွားပြီး အပြန်တွင် မိုးမိ၍လာခဲ့လေသည်။ ဤတွင် နယူးမိုနီးယားရောဂါစွဲကပ်လာ၏။ ရက်အနည်းငယ်ကြာသောအခါ ဂျွန်ကလီးမင်းသည် အသည်းအသန် ဖြစ်လေတော့သည်။ သေခါနီးသည့်တိုင် ဂျွန်ကလီးမင်းသည် တယ်နယ်ဆီနယ်၌ ရှိသေးသော သူပိုင်မြေကွက်နှင့် ပတ်သက်၍ အားမလျှော့သေး“ဘာပဲဖြစ်ဖြစ် ဒီမြေကွက်ကိုတော့ လက်မလွှတ်စေနဲ့”ဟု အထပ်ထပ် မှာကြားနေလေသည်။ ဂျွန်ကလီးမင်းဟာ ၁၈၄၇ ခုနှစ် မတ်လထဲတွင် အသက် ၄၉ နှစ် အရွယ်၌

mgyoe.com

mgyoe.com


အနိစ္စရောက်လေသည်။ သမီးဖြစ်သူ ပမီလာမှာ ၁၉ နှစ် အရွယ်ရှိ၍နေလေပြီ။

ဖခင်သေဆုံးသွားသောအခါ ဆယ်မြူရယ်ကလေးမှာ စိတ်တွင်များစွာ ထိခိုက်သွား၏။ မိခင်က ဆယ်မြူရယ်အား ကျောင်းနုတ်လိုက်ရလေသည်။

သားအကြီးဆုံး အိုရီယွန်ကလီးမင်းသည် စိန့်လူဝီမြို့၌ သွား၍ အလုပ်လုပ်ရာ တစ်ပတ်လျှင် ၁၈ ဒေါ်လာရ၏။ မိခင်ကြီးထံသို့ သုံးဒေါ်လာပို့ပေးလေသည်။ ကျောင်းမှ ထွက်ရပြီဖြစ်သော ဆယ်မြူရယ်ကလေးသည် အသက် ၁၂ နှစ် မပြည့်သေးသော်လည်း အလုပ်ဝင်ရ၏။ သူ့အလုပ်မှာ အားမန်ဆိုသူပိုင်သော ခြေမြန်တော် သတင်းစာတိုက်တွင် လက်တိုလက်တောင်း အလုပ်များကို လုပ်ပေးရသော အလုပ်ဖြစ်လေသည်။

□

mgyoe.com

mgyoe.com

[၄]

## ပုံနှိပ်တိုက်လက်ထောက်ဘဝ

ပုံနှိပ်တိုက်တွင် ဆယ်မြို့ရှယ်အလုပ်လုပ်ရာ၌ တိုက်ရှင်က အဝတ်နှင့် အစားအသောက်ပေး၍ထား၏။ တစ်နှစ်လျှင် ဝတ်စုံနှစ်စုံ ဝယ်၍ပေးမည်ဟု ကတိထားသော်လည်း တိုက်ရှင်က ဝတ်စုံအသစ် တစ်စုံသာ ဝယ်ပေးပြီး ကျန်တစ်စုံအတွက်ကိုမူ တိုက်ရှင်ဝတ်ပြီးသား အဝတ်အစားဟောင်းများကို ပေးလေသည်။ တိုက်ရှင်၏အဝတ်အစား များမှာ ဆယ်မြို့ရှယ်၏ ကိုယ်လုံးကိုယ်ထည်နှင့် မလိုက်အောင် ကြီး မား၍နေလေရာ "သူ့ရှပ်အင်္ကျီကို ဝတ်ပြီဆိုရင် ကျုပ်ဖြင့် ဆပ်ကပ်ပြ တဲ့ ရွက်ဖျင်တဲကြီးထဲမှာ နေရသလို စိတ်ကထင်မိတယ်"ဟု နောင် အခါ၌ ဖွင့်ဟရေးသားခဲ့ဖူးလေသည်။ ဆယ်မြို့ရှယ်၏နည်းတူ လက်တိုလက်တောင်း အလုပ်လုပ်ရသော အခြားသူငယ်တစ်ဦးလည်း ရှိသေး၏။ သူ၏အမည်မှာ "မက်ကောမစ်"ဖြစ်လေသည်။ မက်ကောမစ်

mgyoe.com

mgyoe.com


မှာလည်း ဆယ်မြူရယ်၏ နည်းတူ အဝတ်ပေး အစားကျွေးနှင့် အလုပ်လုပ်ရသော သူဖြစ်၏။ မက်ကောမစ်သည် အလွန်ထွားကျိုင်းသောသူဖြစ်လေရာ တိုက်ရှင်၏ အဝတ်ဟောင်းများကို ဝတ်ရသောအခါ သူ့အဖို့၌ အလွန်ရှုပ်၍နေလေသည်။ ဆယ်မြူရယ်နှင့် မက်ကောမစ်တို့သည် လက်ဦးက မီးဖိုချောင်ထဲတွင် ထမင်းစားကြရ၏။ နောင်အခါတွင်မှ တိုက်ရှင်၏ ထမင်းစားပွဲ၌ တိုက်ရှင် လင်မယားအပြင် 'ပက်မက်မာရေး' ဆိုသူ နယ်လှည့်ပုံနှိပ်တိုက် အလုပ်သမားတစ်ဦးတို့နှင့် အတူ ထမင်းစားရလေသည်။ မက်မာရေးမှာ ပျော်တတ်သောသူ ဖြစ်၏။ အရပ်ရပ်သို့ နှံ့စပ်အောင်သွားလာ လှည့်ပတ်ဖူးသူလည်း ဖြစ်လေသည်။ ဆယ်မြူရယ်နှင့် မက်ကောမစ်တို့ မတတ်သေးသော အလုပ်များကို မက်မာရေးက သင်ကြား၍ ပေးလေသည်။ ဆယ်မြူရယ်သည် အလုပ်ကို ကြိုးစား၏၊ အချိန်မှန်၏၊ ပညာတတ်လွယ်၏။ သနားကြင်နာတတ်ပြီးလျှင် တော်တည့်ဖြောင့် မတ်လေသည်။

အချိန်မကြာမြင့်မီပင် ဆယ်မြူရယ်ကို တစ်တိုက်လုံးက ချစ်ခင်လာကြ၏။ သတင်းစာတိုက်တွင် လက်ရုံးတစ်ဆူ ဖြစ်လာပေသည်။ တစ်နှစ်ကြာခဲ့သောအခါ စာစီကောင်းကောင်းတတ်လာ၏။ ပုံနှိပ်စက်ရိုက်တတ်လာ၏။ သတင်းစာဖြန့်ချိရေးတွင်လည်း ဝင်၍လုပ်ပေးရ၏။ ထိုအချိန်၌ မက္ကဆီကိုပြည်တွင် စစ်ဖြစ်၍နေလေရာ၊ စစ်သတင်းများကို မြို့သူမြို့သားတို့က အလွန်သိချင်၍ နေ၏။ ဟန်နီးဘော်မြို့မှာ ကြေးနန်းများသွယ်တန်းပြီးစ ဖြစ်၍ သတင်းများကို လျင်မြန်စွာရ၍ နေလေသည်။ စစ်သတင်းများအရေးကြီး၍နေသောကြောင့် ပုံနှိပ်တိုက်ပိုင်ရှင် အားမန်မရှိသောအခါများ၌ ဆယ်မြူရယ်သည် သတင်းတည်းဖြတ်သောအလုပ်များကို လုပ်ရလေသည်။ စင်စစ်အားဖြင့် ဆယ်မြူရယ်သည် စာရေးဆရာလုပ်လိုသော သူမဟုတ်။

mgyoe.com

mgyoe.com


မက်မာရေးကဲ့သို့ နေရာအနှံ့အပြားသွားလာလှည့်ပတ်ပြီး ပုံနှိပ်အလုပ်များကို ရှာဖွေသော အလုပ်မျိုးကိုသာ လုပ်ချင်နေသူ ဖြစ်လေသည်။ တစ်ခါတစ်ရံတွင် ဇာတ်ထဲသို့ဝင်၍ လူရွှင်တော်လုပ်ရလျှင် ကောင်းလေမည်လားဟုလည်း ချိန်ရွယ်နေသောသူ ဖြစ်လေသည်။

သို့သော် ဆယ်မြူရယ်သည် ပုံနှိပ်ခြင်းအတတ်ပညာကို စွဲစွဲမြဲမြဲသင်၏။ များမကြာမီပင် သေသပ်စွာ ပုံနှိပ်တတ်သော ပုံနှိပ်တိုက်အလုပ်သမားကောင်းတစ်ဦး ဖြစ်၍လာခဲ့လေသည်။ သူ၏လုပ်ငန်းများကို မွန်းလွဲချိန်တွင် ပြီးစီးအောင် ကြိုးစား၍လုပ်လေ့ရှိ၏။ အလုပ်ပြီးသောအခါတွင် ဆယ်မြူရယ်သည် မြစ်သို့လည်းကောင်း၊ ဂူကြီးသို့လည်းကောင်း သူ၏ရဲဘော်ဟောင်းများနှင့်သွား၍ ကစားလေ့ရှိပေသည်။ ထိုကဲ့သို့ မကစားလျှင် ဆယ်မြူရယ်သည် လော်ရာဟောကင်းနှင့်အတူ မြစ်ကမ်းပါးရှိ ကမူစွန်းကြီးတစ်ခုသို့ သွား၍အလေ့ကျတောပန်းများ ခူးလေ့ရှိကြပေသည်။ ဆောင်းရာသီကျရောက်သောအခါ ဆယ်မြူရယ်နှင့် လော်ရာတို့သည် ရေခဲ၍နေသော ဝက်ဝံချောင်းသို့သွား၍ ရေခဲလျှောစီးကြလေသည်။ နှစ်ဦးတတွဲတွဲနှင့် ပါတီများသို့ လည်းသွား၏။ "ရွှေချထားသောခေတ်"အမည်ရှိ ဝတ္ထုထဲတွင် မတ်(ခ်)တွိန်းက လော်ရာဟောကင်း ၁၂ နှစ် သမီးအရွယ်ချောပုံလှပုံများကို စာဖွဲ့၍ထားခဲ့လေသည်။ ဝတ္ထုထဲက မိန်းကလေး၏ အဖြစ်အပျက်များမှာ လော်ရာဟောကင်း၏ တကယ့်ဘဝဖြစ်ရပ်များနှင့် လုံးဝ မတူသော်လည်း" ထိုမိန်းကလေးကို မြင်သူတိုင်းက ခင်မင်စရာဖြစ်၍ စိတ်မချမ်းသာသောသူတို့ပင်လျှင် ထိုမိန်းကလေးကို မြင်လိုက်ပါက စိတ်ချမ်းသာ၍ လာလေသည်"ဟု တခမ်းတနား ဖွဲ့နွဲ့ချီးကျူးထားခဲ့လေသည်။

ဤအချိန်လောက်တွင်ပင် ဆယ်မြူရယ်၏ ဘဝလမ်းခရီးသည် တစ်ဆစ်ချိုး၍ ကွေ့ခဲ့ပြန်လေသည်။ တစ်နေ့တွင် ဆယ်မြူရယ်ကလီး

mgyoe.com

mgyoe.com


မင်းသည် အလုပ်တိုက်မှ ပြန်၍ လာ၏။ လမ်းပေါ်တွင် လေတိုက်သဖြင့် လွင့်၍သွားသော စာရွက်တစ်ရွက်ကို တွေ့ရလေသည်။ ဆယ်မြူရယ်သည် ထိုစာရွက်ကိုလိုက်၍ကောက်ပြီး ဖတ်ကြည့်၏။ ထိုစာရွက်မှာ ပြင်သစ်အာဇာနည်မျိုးချစ်သူငယ်မကလေး ဂျုံအော့(ဖ်)အတ်(ခ်)အား ရုဝမ်းမြို့ရဲတိုက်ကြီးအတွင်းဝယ် အင်္ဂလိပ်စစ်သားများက ဖမ်းဆီးပြီး နှိပ်စက်ကြပုံအကြောင်းကို ရာဇဝင်ပါရှိလေသည်။ ဆယ်မြူရယ်သည် ဂျုံ အော(ဖ်)အတ်(ခ်)၏အကြောင်း တစ်ခါမှ မကြားစဖူးခဲ့။ ရာဇဝင်စာအုပ်များကိုလည်း ဖတ်လေ့ဖတ်ထမရှိခဲ့ပေ။ စင်စစ်တွင် ဆယ်မြူရယ်သည် စာများများဖတ်သူမဟုတ်။ ယခုကဲ့သို့ ကောက်ရသော စာရွက်တွင် ဂျုံအော့(ဖ်)အတ်(ခ်)၏အဖြစ်အပျက်တစ်စိတ်တစ်ဒေသကို ဖတ်ရှုရသောအခါ၌ ဆယ်မြူရယ်သည် အလွန်သနား၍သွား၏။ အင်္ဂလိပ်စစ်သားများကိုလည်း ဒေါသဖြစ်၍မဆုံးနိုင်တော့ပေ။ ထိုအဖြစ်အပျက်ကလေးသည် ဆယ်မြူရယ်အား ဘဝပြောင်း၍ ပေးလိုက်ဘိသကဲ့သို့ ရှိ၏။ ဆယ်မြူရယ်သည် လက်ဦးတွင် ဂျုံအော့(ဖ်)အတ်(ခ်)အကြောင်းပါဝင်သော ပြင်သစ်ရာဇဝင်စာအုပ်များကို ရှာ၍ ဖတ်၏။ ထို့နောက် ရာဇဝင်စာအုပ်ဟူသမျှကို ဖတ်ပြန်လေတော့သည်။ ဤနည်းဖြင့် ဆယ်မြူရယ်သည် စာကို ဒလကြမ်းဖတ်၍လာ၏။ တဖြည်းဖြည်းနှင့် ဆယ်မြူရယ်သည် မတရားမင်းများကို မုန်းတီး၍ အားနည်းသူတို့၏ဘက်မှနေလိုသော စိတ်ဓာတ်ပေါ်ပေါက်၍လာရလေတော့သည်။

ဟန်နီးဘော်မြို့တွင် 'ဂျာနယ်'အမည်ရှိ သတင်းစာတစ်စောင်ရှိလေသည်။ ထိုသတင်းစာမှာ ကြော်ငြာတင်နေသဖြင့် ဒေါ်လာ ငါးရာနှင့် ရောင်းမည်ဟု ကြေညာရာ ဆယ်မြူရယ်၏ အစ်ကိုအကြီးဆုံးဖြစ်သူ အိုရီယွန်းကလီးမင်းသည် စိန့်လူဝီမြို့မှ ဟန်နီးဘော်မြို့သို့ပြန်လာပြီး

mgyoe.com

mgyoe.com


ငွေချေးကာ "ဂျာနယ်"သတင်းစာကို ဝယ်လိုက်လေသည်။ ပုံနှိပ်တိုက်ရှင် အာမန်ထံ၌ ဆယ်မြူရယ် အလုပ်လုပ်ခဲ့သည်မှာ နှစ်နှစ်ပြည့်ပြီဖြစ်သဖြင့် ဆယ်မြူရယ်နှင့် အိုရီယွန်တို့သည် နှစ်ယောက်ပူးပေါင်း၍ အလုပ်လုပ်ပါက "ဂျာနယ်"သတင်းစာကို အောင်မြင်စွာ ထုတ်ဝေနိုင်လိမ့်မည်ဟု ယုံကြည်ထားကြလေသည်။ ညီငယ်ဖြစ်သော ဟင်နရီကလီးမင်းမှာ အသက် ၁၁ နှစ်အရွယ်ရှိပြီဖြစ်လေရာ၊ ကျောင်းမှ ထုတ်၍ စာစီသင်ရ၏။ အိုရီယွန်သည် ပုံနှိပ်အလုပ်များကို များစွာ ကျွမ်းကျင်သည်ကားမှန်၏။ သို့သော် သတင်းစာတိုက်ရှင်အဖြစ်ကား မတော်လှပေ။ ဖခင်ဖြစ်သူကဲ့သို့ အိုရီယွန်သည် စိတ်ကူးယဉ်တတ်၏။ ကောင်းသည်ဟု ထင်မိလျှင် တစူးစား လုပ်ကိုင်တတ်သော သူဖြစ်လေသည်။ သတင်းစာကို ဝယ်ယူ၍ ထုတ်ဝေရာတွင် အလွန်ကြီး ကြိုးစား၍ အပူတပြင်း အလုပ်လုပ်၏။ ဆင်မြူရယ်တို့ ကိုလည်း အပင်ပန်းခံအလုပ်ခိုင်းလေသည်။ ထို့ကြောင့် ဆယ်မြူရယ်တို့မှာ ကစားချိန်များပင် မရတော့လောက်အောင်ဖြစ်၍ နေကြလေသည်။ အိုရီယွန်ကလီးမင်း ရေးသားသော ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိထဲ၌ ရီယွန်က "ကျုပ်လည်း ညီငယ်ဆယ်မြူရယ်အပေါ်၌ မတရားခဲ့ပေ။ သူသည် အလုပ်ကို အပင်ပန်းခံ၍လုပ်၏။ အလုပ်ကောင်းသောသူလည်း ဖြစ်ပေသည်။ သို့သော် ကျုပ်သည် သူ့ အလုပ်လုပ်သမျှကို အားမရနိုင်သေးဘဲ ထပ်၍ ထပ်၍သာ ခိုင်းနေမိခဲ့လေသည်" စသဖြင့် ဖွင့်ဟရေးသားခဲ့ပေသည်။

သတင်းစာသည် လက်ဦး၌ စောင်ရေတက်၍ လာ၏။ သို့သော် အိုရီယွန်သည် သတင်းစာကိုမူ အမျိုးမျိုးနှင့်ထုတ်ဝေ၍နေ၏။ ထို့ ကြောင့် တစ်နှစ်ခန့်ကြာသောအခါ သတင်းစာ၏ လမ်းစဉ် မတည်ငြိမ် မှုကြောင့် စောင်ရေကျဆင်း၍ လာလေသည်။ သတင်းစာအတွက် ငွေလို၍ လာသောကြောင့် အိုရီယွန်သည် တယ်နယ်ဆီနယ်ရှိ မြေများကို ရောင်းချ

mgyoe.com

mgyoe.com


ရန်ထွက်သွား၏။ သတင်းစာကို ဆယ်မြူရယ်၏လက်၌ အပ်၍ ပစ်ခဲ့လေသည်။ အိုရီယွန်သည် မြေမရောင်းရဘဲ လက်ချည်းသက်သက် ပြန်လာရ၏။ သို့သော် အိုရီယွန်ထွက်သွားခြင်းသည်ကား သတင်းစာ အဖို့၌ ကံကောင်းခြင်းပင် ဖြစ်လေသည်။ အကြောင်းမှာမူကား ဆယ်မြူ ရယ်သည် သတင်းစာဖတ်သူများ ဖတ်ချင့်စဖွယ်ဖြစ်အောင် ရေးသား ထုတ်ဝေနိုင်သောကြောင့် သတင်းစာစောင်ရေသည် ပြန်၍ တက်လာလေ သည်။ မမျှော်လင့်ဘဲနှင့် ဆယ်မြူရယ်သည် သတင်းစာ အရေးကောင်း သူတစ်ဦးဖြစ်၍ လာခဲ့လေသည်။

အတိုက်အခံ သတင်းစာတစ်စောင်၏ အယ်ဒီတာတစ်ယောက်သည် ရည်းစားပြတ်သဖြင့် ရေထဲသို့ခုန်ဆင်းကာ သူ့ကိုယ်သူသတ်သေရန် ကြိုးစား၏။ ထိုအခါတွင် ဆယ်မြူရယ်သည် အတိုက်အခံ သတင်းစာ အယ်ဒီတာ၏အတွင်းရေးတို့ကို နာမည်နှင့်တကွ အသေးစိတ် ဖော်ထုတ် လိုက်၏။ ထို့အပြင် လက်ထွင်းသစ်သားဘလောက်များ လုပ်၍အတိုက် အခံ သတင်းစာ အယ်ဒီတာသည် ရေထဲသို့ ခုန်ဆင်းခါနီး၌ ရေအတိမ် အနက်ကို တုတ်နှင့်ထောက်၍ စမ်းသပ်နေပုံများပါ သတင်းစာတွင် ဖော်ပြလိုက်လေသည်။ ဆယ်မြူရယ်၏ သတင်းစာ ထွက်လာသော အခါ ရောင်း၍မလောက်အောင်ရှိလေတော့သည်။ အတိုက်အခံသတင်း စာ အယ်ဒီတာသည် ဆယ်မြူရယ်တို့လူသိုက်ကို အသေသတ်မည်ဟု ကြိမ်းဝါး၏။ သို့သော် တစ်မြို့လုံးက သူ့ကို ဝိုင်း၍ ရယ်မောခြင်း ခံရသဖြင့် မြို့မှပြောင်းရွှေ့၍သွားရလေသည်။

ဆယ်မြူရယ်သည် ကဗျာအတိုအစများကိုလည်း ရေး၏။ သူ့ ကဗျာများမှာ "ကဗျောင်"များသာဖြစ်သဖြင့် တထူးတဆန်းဖြစ်၍နေကြ လေသည်။ ထိုအချိန်လောက်တွင် အိုရီယွန်သည် ငွေရှာသွားရာမှ ပြန်လာပြီးနောက် ဆယ်မြူရယ်အား အယ်ဒီတာမလုပ်စေတော့ဘဲ

mgyoe.com

mgyoe.com


စာစီစာရိုက်ဘက်သို့ ပြန်၍ပို့လိုက်လေသည်။ ယင်းသည်ကား အိုရီယွန်၏ အမှားဖြစ်လေသည်။ နောင်အခါကျမှ သူ့အမှားကို သူ သိကာ အိုရီယွန်က သူ၏အတ္ထုပ္ပတ္တိထဲ၌ "ကျွန်ုပ်သည် ဆယ်မြူရယ်၏ အရည်အချင်းကို မသိခဲ့ပါ။ အကယ်၍သာ ဆယ်မြူရယ်အား ဆက် လက်၍ အယ်ဒီတာလုပ်စေမည်ဆိုပါက ကျွန်ုပ်၏ သတင်းစာသည် အခြားသော သတင်းစာများထက် အပြတ်အသတ် စောင်ရေ တိုးတက် နိုင်ပေလိမ့်မည်"စသဖြင့် ရေးသားခဲ့ပေသည်။ အယ်ဒီတာ မလုပ်ရသော် လည်း ဆယ်မြူရယ်သည် စိတ်ပျက်ခြင်းမရှိပေ။ သတင်းစာတိုက်တွင် စိတ်ပါဝင်စားနေ၏။ ဆယ်မြူရယ်သည် "ဖီးလာ ဒဲလဖီးယား" မြို့မှနေ၍ ထုတ်ဝေသော "ဆတ်တာ ဒေအီးဗနင်းပို့(စ်)"စာစောင်သို့ ဝတ္ထုတိုကလေး နှစ်ပုဒ်ပေးပို့လိုက်၏။ နှစ်ပုဒ်စလုံးပင် လက်ခံ၍ ထည့်သွင်းဖော်ပြခြင်း ခံရလေသည်။ ဆယ်မြူရယ်မှာ အပျော်ကြီး ပျော်၍သွား၏။ သို့သော် ဝတ္ထုရေးခမူကား မရပေ။ ထိုခေတ် ထိုအခါမှာ ၁၈၅၁ ခုခေတ်ဖြစ်လေ သည်။

မည်သို့ပင်ဖြစ်စေ ဆယ်မြူရယ်သည် ဖီးလာဒဲလဖီးယားသတင်း စာအတွက် နောက်ထပ်၍ ဘာဝတ္ထုကိုမျှ မရေးတော့ပေ။ အိုရီယွန် သည် သူ၏ သတင်းစာထဲ၌ ဆယ်မြူရယ်၏ဝတ္ထုတိုနှစ်ပုဒ်တို့ကို ထည့်၍ ပေး၏။ ထိုအခါက ဆယ်မြူရယ်ရေးခဲ့သော ဝတ္ထုတိုများမှာ အနည်း အကျဉ်းမျှသာ ရှိလေသည်။ အိုရီယွန်၏သတင်းစာသည် မပြုတ်ရုံ တမယ်မျှနှင့် တစ်နှစ်ပြီးတစ်နှစ် ဆက်လက်ထုတ်လာခဲ့ရ၏။ အိုရီသည် သတင်းစာတိုက်ကို ဝယ်ရန် ချေးငှားထားသော ကြွေးကို ပြန်၍ မဆပ် နိုင်ပေ။ မိသားစုအတွက်လည်း ထမင်းဝအောင် မကျွေးနိုင်ဘဲရှိ၏။ ဆယ်မြူရယ်နှင့် ဟင်နရီတည်းဟူသော ညီနှစ်ယောက် သည်လည်း လခမရကြပေ။ ထို့နောက် သတင်းစာတိုက် ပျက်လုမတတ် ကိစ္စတစ်ခု

mgyoe.com

mgyoe.com


ဖြစ်လာ၏။ ထိုကိစ္စမှာကား အခြားမဟုတ်၊ တစ်ညတွင် နွားမတစ်ကောင်သည် သတင်းစာတိုက်ထဲသို့ ဝင်လာပြီးနောက် စာရွက်များကို မှောက်ပစ်လိုက်ပြီးလျှင် ပုံနှိပ်စက်မှ မင်လုံးများကိုလည်း စားပစ်လိုက်၏။ ထို့နောက် မည်သည့် အကြောင်းကြောင့် မသိရမီ ထ၍ တောက်ပြီးလျှင် ပုံနှိပ်စက်မှာ အတော်ပင် ပျက်စီး၍ သွားရှာလေသည်။ အိုရီယွန်သည် အာမခံထားသောကြောင့် အာမခံငွေများဖြင့် လိုအပ်သော ပုံနှိပ်ပစ္စည်းတို့ကို ပြန်လည် ဝယ်ယူရ၏။ ထို့နောက် ပုံနှိပ်တိုက်လခ သက်သာစေရန် ပုံနှိပ်စက်ကို တောင်ကုန်းလမ်းရှိ မိဘများ အိမ်ရှေ့ခန်းသို့ ရွှေ့ပြောင်း၍ အလုပ်လုပ်ရလေသည်။ ဆယ်မြူရယ်သည် ထိုအချိန်၌ ၁၈ နှစ်သားရှိပြီဖြစ်၏။ ဟန်နီးဘော်မြို့တွင် ဆက်လက် နေထိုင်ပါက ကြီးပွားလိမ့်မည်ဟု မထင်သောကြောင့် တစ်ရွာတကျေးသို့ ပြောင်းရန် ကြံစည်ရပြန်လေသည်။ ဤအချိန်တွင် ဆယ်မြူရယ်သည် အလုပ်သမားကောင်းတစ်ယောက် ဖြစ်နေ၏။ သို့သော် လုပ်စရာလည်း များများမရှိ။ လုပ်ရသမျှသော အလုပ်တို့အတွက်လည်း အခကြေးငွေ ထိုက်တန်စွာမရပေ။ အိုရီယွန်ကလည်း အညာမပေးချေ။ အစ်မဖြစ်သူ ပမီလာမှာ အိမ်ထောင်ကျနေပြီဖြစ်လျက် စိန့်လူဝီမြို့သို့ရောက်နေ၏။ တစ်နေ့တွင် ဆယ်မြူရယ်သည် စိန့်လူဝီမြို့သို့သွား၍ အလုပ်လုပ်ခွင့်ပြုပါရန် သူ့မိခင် ဂျိမ်းကလီးမင်းထံ ခွင့်တောင်းလေသည်။ စိန့်လူဝီမြို့တွင် အလုပ်ပေါသည်ဟူသော သတင်းကို ဆယ်မြူရယ် ကြား၍ နေခဲ့ပြီဖြစ်၏။ သူ့မိခင်သည် ဆယ်မြူရယ်အား သမ္မာကျမ်း စာအုပ်ကို ကိုင်စေ၍ အခြားမြို့သို့သွားရောက်၍ အလုပ်လုပ်နေရာ တွင် ဖဲမရိုက်ပါ။ အရက်မသောက်ပါဟု ကျိန်ဆိုခိုင်းပြီးမှသွားခွင့် ပြုလိုက်လေသည်။

ဆယ်မြူရယ်သည် စိန့်လူဝီမြို့သို့သွား၍ သူ့အစ်မပမီလာနှင့် အတူ နေထိုင်ပြီး ညနေသတင်းစာတစ်စောင်တွင် စာစီအလုပ်ကို ဝင်၍

mgyoe.com

mgyoe.com


လုပ်လေသည်။ သူ၏အကြံမှာ ပိုက်ဆံစုပြီးနောက် နယူးယောက်မြို့သို့သွားရန် ဖြစ်လေသည်။ ဤအချိန်၌ စိန့်လူဝီမြို့သို့ မီးရထားပေါက်လေပြီဖြစ်ရာ ဆယ်မြူရယ်သည် နယူးယောက်မြို့သို မီးရထားဖြင့်ခရီးရှည်သွားရန် ကြံစည်၍ထားလေသည်။ နောက်ဆုံး၌ ဆယ်မြူရယ်သည် ငွေကြေးအနည်းငယ်မျှနှင့် နယူးယောက်မြို့သို့ ရောက်ရှိသွားလေသည်။

ဆယ်မြူရယ်အဖို့တွင် နယူးယောက်မြို့မှာ သူထင်သည်ထက်ပိုမို၍ ကြီးမားနေသည်ကို တွေ့ရလေသည်။ မန်ဟတ်တန်ကျွန်းတစ်ခုလုံးတွင် နယူးယောက်မြို့၏အစွန်ပိုင်းက ဖုံးလွှမ်း၍ ထားပေသည်။ (၄၂)လမ်းနှင့် အမှတ်(၆)လမ်းမကြီးတို့၏ထောင့်တွင် မှန်နန်းဆောင်ကြီး ရှိလေသည်။ ထိုမှန်နန်းဆောင်ကြီးထဲ၌ ကမ္ဘာပေါ်ရှိ ပစ္စည်းအသစ်အဆန်းဟူသမျှတို့ကို တစ်စုတစ်ဝေးကြီး တွေ့ရလေသည်။ ဆယ်မြူရယ်သည် သူ့အစ်မ ပမီလာထံသို့ ထိုမှန်နန်းဆောင် ပြပွဲကြီးအကြောင်းကို စာရေးလိုက်၏။ ထိုစာမှာ ဆယ်မြူရယ်၏လက်ရေးပါသော ရှေးအကျဆုံးစာတစ်စောင်အဖြစ်ဖြင့် ယခုခေတ်သို့တိုင်အောင်ပင် ပြတိုက်၌ သိမ်းဆည်းထားလျက်ရှိနေလေသေးသည်။ ထိုစာထဲတွင် ဆယ်မြူရယ်က 'ဒုတိယအထပ်ကနေပြီး မျှော်ကြည့်လိုက်လို့ရှိရင် မြင်ကွင်းကျယ်ကြီးဟာ အင်မတန်ကို ဆန်းတာပဲ။ ပြပွဲကြီးမှာ လာပြကြတဲ့နိုင်ငံအသီးသီးတွေရဲ့အလံတွေကို တွေ့ရတယ်။ မှန်နန်းဆောင်ကြီးရဲ့ ခေါင်မိုးအတွင်းဘက်ဟာလည်း ကြီးမားလှပါတယ်။ စိန်ကျောက်ရတနာတွေ၊ ပိုးခန်းဆီးကြီးတွေကိုလည်း တွေ့ရတယ်။ လူတွေကလည်း ဥဒဟို သွားလာဝင်ထွက်နေကြတယ်။ မှန်နန်းဆောင်ကြီး ကြီးကျယ်ပုံကတော့ မပြောပါနဲ့တော့၊ စက်ကိရိယာတွေကိုတော့ အောက်ထပ်မှာ ပြထားတယ်။ ဘယ်လိုစက်တွေဆိုတာကိုတော့ ကျွန်တော်လည်း မပြော

mgyoe.com

mgyoe.com


တတ်ဘူး။ ပြထားတဲ့ပစ္စည်းတွေကို အားလုံး သေသေချာချာ လိုက်ကြည့်မယ်ဆိုရင် ခုနစ်ရက် တစ်ပတ်လောက်ကြည့်ရလိမ့်မယ်ထင်တယ်။ ကျွန်တော် သွားကြည့်တာက နှစ်နာရီလောက်ပဲ ကြာတယ်။ ဒါကြောင့် ဘာပစ္စည်းတွေကိုမှ သေသေချာချာ မကြည့်ခဲ့ရပါဘူး။ လာကြည့်တဲ့လူတွေဟာ တစ်နေ့ကို (၆)ထောင်လောက် ရှိတယ်။ ဟန်နီးဘော်မြို့လူဦးရေရဲ့ နှစ်ဆလောက်ရှိတာပေါ့။ လူတစ်ယောက်ကို ပြပွဲဝင်ခ ဆင့်(၅၀) ယူတယ်။ ဒီတော့ တစ်နေ့ကို ဒေါ်လာ (၃)ထောင်လောက် ရနေတာပေါ့။ မှန်နန်းဆောင် ပြပွဲကြီး အနားမှာ (လက်တင်း)ဆိုတဲ့ မျှော်စင်ကြီးရှိတယ်။ အမြင့်က ပေ(၂၅၀) လောက်ရှိသတဲ့။ အဲဒီအပေါ်ကနေပြီး ကြည့်လိုက်ရင် နယူးယောက်မြို့ကြီးတစ်မြို့လုံးကို ကောင်းကောင်းကြီး မြင်နိုင်တယ်။ မြို့ကိုရေပေးတဲ့ မြောင်းကြီးကတော့ ကရိုထွန်းဆိုတဲ့ မြောင်းကြီးပဲ။ ဒီမြောင်းကြီးဟာ ဝက်ချက်စတာဆိုတဲ့ နယ်ကို ရှစ်မိုင်ဝေးတဲ့ ရေလှောင်ကန်ကြီးကတစ်ဆင့် နယူးယောက်မြို့ကို ရေပေးနေတယ်။ မြို့သူမြို့သားတစ်ယောက်ကို တစ်နေ့အတွက် ရေစည်တစ်ရာတောင်မှ ပေးနိုင်သတဲ့။ အမေ့ကိုပြောလိုက်ပါ။ ပေးထားခဲ့တဲ့ ကတိအတိုင်း အရက်မသောက် ဖဲမရိုက်ဘဲ နေပါတယ်။ အခု (၂)ချက်ထိုးပြီ။ (၆)နာရီမှာ အိပ်ရာက ထပြီးတော့ (၇)နာရီထိုးမှာ အလုပ်ဝင်ရတယ်။ ညနေတိုင်း ကျွန်တော် ဘာလုပ်နေသလဲလို့ မမက မေးလိုက်တာကို ဖြေရမယ်ဆိုရင် ကျွန်တော်ဟာ ပုံနှိပ်တိုက် အလုပ်သမားတွေရဲ့ စာကြည့်တိုက်မှာ စာဖတ်ရင်း အချိန်ကုန်ရပါတယ်။ စာကြည့်တိုက်မှာ စာအုပ်(၄)ထောင်ကျော် ရှိပါတယ်" စသဖြင့် ရေးသားခဲ့လေသည်။ ဤနည်းဖြင့် ဆယ်မြူရယ်သည် (၁၈)နှစ်သားအရွယ်၌ မည်ကဲ့သို့သောသူငယ်တစ်ဦး ဖြစ်သည်ကို အရိပ်အမြွက်မျှ သိသာနိုင်မည်ဖြစ်လေသည်။ ထိုအရွယ်ကပင် ဆယ်မြူရယ်သည် စာကောင်း

mgyoe.com

mgyoe.com


ကောင်းရေးတတ်နေပြီဖြစ်၏။ သူစာရေးပုံမှာလည်း စိတ်အား ထက်သန်သည်နှင့်အမျှ စကားလုံးများ သုံးနှုန်းပုံမှာလည်း ကျစ်လျစ် လှပေသည်။ စာဖတ်ရင်းအချိန်ကုန်နေသော ဆယ်မြူရယ်သည် သူနှင့် ကစားဖော်ကစားဖက် ဆိုးပေကလေးများကိုပင် မေ့လျော့၍နေသယောင် ထင်ရ၏။

ဆင်မြူရယ် အလုပ်လုပ်ရသော ပုံနှိပ်တိုက်မှာ "ဂရေး"နှင့် "ဂရင်း"ပုံနှိပ်တိုက်ဖြစ်သည်။ ထိုပုံနှိပ်တိုက်သည် "ကလစ်"လမ်း၌ ရှိ၏။ သူရသောငွေမှာ တစ်ပတ်လျှင်(၄)ဒေါ်လာဖြစ်၏။ ထိုဒေါ်လာ ငွေများမှာ ပုဂ္ဂလိကပိုင် ဘဏ်တိုက်များက ထုတ်ဝေကြသော ငွေစက္ကူများဖြစ်လေရာ အသုံးမခံလှချေ။ သို့သော် ပစ္စည်းများက ဈေးအလွန်ပေါသဖြင့် စားသောက်စရိတ် နုတ်လိုက်ပြီးသောအခါ၌ ဆင်မြူရယ်သည် ဆင့်(၅၀)မျှ လက်ကျန်ရှိ တတ်လေသည်။ သို့သော် ဆင်မြူရယ်သည် နယူးယောက်မြို့သို့ လာရောက်၍ အလုပ်လုပ်နေခြင်းမှာ ပိုက်ဆံချမ်းသာလိုသဖြင့် မဟုတ်ဘဲ နှံ့စပ်အောင် လည်ပတ်လိုသဖြင့်သာ လာရောက်နေခြင်း ဖြစ်လေသည်။ ၁၈၅၃ ခုနှစ် တစ်နွေလုံးပင် ဆယ်မြူရယ်သည် နယူးယောက်မြို့တွင် နေထိုင်၏။ အမြဲအစွဲနေထိုင်ရန်ကိုမူကား စိတ်ကူးမထည့်ချေ။ သူသည် ကျန်ရစ်ခဲ့သော မိသားစုထံသို့ စာများများ မရေးခဲ့ပေ။

အောက်တိုဘာလတွင် ပမီလာထံသို့ စာတစ်စောင်ရေးပြန်၏။ ထိုစာထဲတွင် သူ အလွန်နှစ်သက်သော သဘင်သည် "အက်ဒဝင်ဖောရက်"အကြောင်းကို တခမ်းတနားထည့်၍ ရေးလိုက်လေသည်။

အက်ဒဝင်ဖောရက်၏ သဘင်အဖွဲ့သည် ဖီးလာဒဲလဖီးယားမြို့သို့ ရွှေ့ပြောင်းကပြရာ ဆယ်မြူရယ်သည် ထိုမြို့သို့လိုက်သွားပြီး "အင်ကွာယားရား"သတင်းစာတိုက်၌ ဝင်၍ စာစီသမားလုပ်ပြန်လေ

mgyoe.com

mgyoe.com


သည်။ အလုပ်အားလပ်သော အချိန်များ၌ ဆယ်မြှုရယ်သည် မြို့ရှိ စာကြည့်တိုက်များ ပန်းချီပြခန်းများနှင့် ရှေးဟောင်းအဆောက် အအုံများတွင် အချိန်ဖြုန်း၍ နေပြန်လေသည်။ ဆင်မြှုရယ်သည် အလုပ်လုပ်ရင်း ဗဟုသုတရှာမှီး၍ အနေအထိုင်ဆင်းရဲသော်လည်း ဗဟုသုတရသောကြောင့် ကျေနပ်၍ နေ၏။ တစ်ခါတစ်ရံတွင် ဆယ်မြှု ရယ်သည် ငါးမီးဖုတ်တစ်ကောင်နှင့်ပင် ညစာကိစ္စပြီးစီး၍ နေရတတ်၏။ ဆယ်မြှုရယ်သည် ကဗျာများရေးပြီးနောက်"လယ်ဂျာ"အမည်ရှိ မဂ္ဂဇင်း သို့ပို့၏။ သို့သော် သူ့ကဗျာကို မဂ္ဂဇင်းတိုက်က ပယ်၍ ချလိုက်လေသည်။

ဆယ်မြှုရယ်သည် ဖီးလာဒဲလဖီးယားမြို့ကို အတော်သဘောကျ ၍ နေ၏။ ပိုက်ဆံကလေးလည်း အတော်အတန် စုဆောင်းနိုင်ပေသည်။ ထို့ကြောင့် မိခင်ဖြစ်သူထံသို့ တစ်ခါတစ်ရံ၌ ငွေအနည်းငယ်ပို့နိုင်လေ သည်။ ထိုစဉ်က သူရေးလိုက်သော စာတစ်စောင်ထဲတွင် သူသည် ည (၇)နာရီမှ နံနက်(၃)နာရီအထိ အလုပ်လုပ်ရကြောင်း၊ အလုပ်မှာ မပင်ပန်း ကြောင်း အဖျင်းဆုံးသတင်းတစ်ပတ်လျှင် (၂)ဒေါ်လာခွဲရနိုင်ကြောင်း စသည်တို့ကို ထည့်သွင်း၍ ရေးလိုက်ပေသည်။

ထိုအချိန်တွင် အိုရီယွန်ကလီးမင်းသည် အိုင်အိုဝါနယ်သို့ ပြောင်း၍ နေထိုင်ကာ သတင်းစာထောင်ပြန်လေသည်။ အိုရီယွန်သည် ထိုအချိန်၌ ဆယ်မြှုရယ်၏အရည်အချင်းကို ရိပ်မိစပြုလာ၏။ ဆယ်မြှုရယ်ကလည်း အိုရီယွန်ထံသို့ စာရေး၍ မိမိဆောင်းပါးများပို့မည့် အကြောင်း သို့သော် ညအလုပ်သမားဖြစ်၍နေသောကြောင့် စိတ်ကူး စိတ်သန်း ဆန်းကျယ်မည်မထင်ကြောင်း စသည်ဖြင့် ရေးသားလိုက် လေသည်။ ဆယ်မြှုရယ်သည် (၁၈)နှစ်ကျော်ခဲ့ပြီ ဖြစ်၏။ အိမ်မှထွက် ၍လာသည်မှာလည်း (၆)လခန့်ရှိခဲ့ပေပြီ။ ထိုအခါ ဆယ်မြှုရယ်သည် အိမ်ကို လွမ်းသော စိတ်ပေါ်ပေါက်၍လာ၏။ ထို့ကြောင့် ဇန်နဝါရီ

mgyoe.com

mgyoe.com


လသို့ ရောက်သောအခါ ဝါရှင်တန်မြို့သို့သွား၍ လည်ပတ်ပြန်၏။ ပြီးလျှင် ဖီးလာဒဲလဖီးယားမြို့သို့ ပြန်လာကာ လယ်ဂျာမဂ္ဂဇင်းနှင့် မြောက်အမေရိက မဂ္ဂဇင်းများမှာ အလုပ်ဝင်လုပ်ပြန်၏။ နောက်ဆုံးတွင် နယူးယောက်မြို့သို့ ပြန်သွားကာ ထိုမှတစ်ဆင့် စိန့်လူဝီမြို့သို့ ပြန်လာခဲ့လေသည်။ အချိန်မှာကား ၁၈၅၄ ခုနှစ် နွေနှောင်းအချိန် ဖြစ်လေသည်။

စိန့်လူဝီမြို့သို့ ရောက်သောအခါတွင် ဆယ်မြူရယ်မှာ အတော်ပင်ပန်းနေပြီဖြစ်၏။ သို့သော်လည်း သဘောမိသေးသဖြင့် ခရီးဆက်၍ ထွက်ခဲ့ရာ တစ်နေ့နှင့်တစ်ညကြာသောအခါ၌ အိုင်အိုဝါနယ်သို့ ရောက်လာခဲ့လေသည်။ သူရောက်သောအချိန်မှာ အလွန်စော၍ နေသဖြင့် ဆယ်မြူရယ်သည် ဟိုတယ်ကလေးတစ်ခု၏ ဧည့်ခန်းတွင် ဝင်၍ထိုင်ကာ နားနေ၏။ စောစောစီးစီး မိသားစုကို သွား၍ မနှိုးလိုပေ။ သို့စောင့်ဆိုင်းနေရင်း ဆယ်မြူရယ်သည် စာရေးစားပွဲတစ်ခုပေါ်၌ တွေ့ရသော စာအုပ်ကလေးတစ်အုပ်ကို အမှတ်မထင် ကောက်ယူ ဖတ်ရှုကြည့်မိလေသည်။ စာအုပ်ထဲ၌ အင်္ဂလန်ပြည့်ရှင် ဘုရင်များ၏ပုံများနှင့် ဘုရင်တစ်ပါးစီ၏အကြောင်း အတိုချုပ်ကလေးများ ပါခဲ့လေသည်။ ဆယ်မြူရယ်သည် ထိုစာအုပ်ကလေးကို သဘောကျလှသောကြောင့် အလွတ်ကျက်၍ နေမိ၏။ နှစ်နာရီခန့်ကြာသောအခါ ဆယ်မြူရယ်သည် စာအုပ်တစ်အုပ်လုံးကို အလွတ်ရ၍ သွားလေသည်။ သူသည် ထိုစဉ်က အလွတ်ရထားသော အချက်အလက်များကို တစ်သက်လုံး မမေ့တော့ချေ။ ဤသို့ရခဲ့သော ရာဇဝင်အချက်အလက်များသည် အသက်ကြီးပြင်း၍ စာရေးဆရာဖြစ်လာသောအခါ၌ များစွာ အသုံးဝင်ခဲ့၏။ အမှတ်မထင်တွေ့မြင်ဖတ်ရှုခဲ့ရသော စာအုပ်ငယ်သည် သူ့အား အင်္ဂလိပ်ရာဇဝင်အခြေခံကို ပေးခဲ့ပေသည်။ အိုရီယွန်သည် ဆယ်မြူရယ်အား

mgyoe.com

mgyoe.com


အိုင်အိုဝါနယ်တွင် ဆက်လက်နေထိုင်ရန် သွေးဆောင်၏။ သို့သော်လည်း သွေးဆောင်၍မရပေ။ ဆယ်မြူရယ်သည် စိန့်လူဝီမြို့ရှိ ညနေသတင်းစာတိုက်သို့ ပြန်လည် ဝင်ရောက်ကာ အလုပ်လုပ်နေလေသည်။ တစ်နှစ်ခန့် အလုပ်လုပ်ပြီး သောအခါ၌ ဆယ်မြူရယ်သည် အိုရီယွန်နှင့် ပြန်၍ ပေါင်းမိလေသည်။ နွေဦးရာသီသို့ ရောက်သောအခါတွင် အိုရီယွန်သည် သူ့သတင်းစာကို ရောင်းလိုက်ပြီး အိမ်ထောင်ပြုလိုက်၏။ ထို့နောက် ကီအိုကပ်မြို့သို့ ပြောင်းကာ ပုံနှိပ်တိုက်ထောင်ပြန်လေသည်။ ဆယ်မြူရယ်သည် အိုရီယွန်ထံသွား၍ လည်ပတ်ရာ အိုရီယွန်က တစ်ပတ်လျှင် ၅ ဒေါ်လာပေးမည်။ နေစရာလည်းပေးမည်။ သူနှင့် အလုပ်လုပ်ပါဟု ခေါ်၏။ ဤတွင် ဆယ်မြူရယ်က သဘောတူလိုက်လေသည်။ ညီအငယ်ဆုံး ဟင်နရီကလီးမင်းမှာ အသက် ၁၇ နှစ်အရွယ်ရှိနေပြီဖြစ်၍ အိုရီယွန် ထံတွင်ပင် အလုပ်လုပ်နေပြီဖြစ်၏။ ဒစ်ဟင်ဟမ်အမည်ရှိ အခြားအလုပ်သမားကလေးတစ်ယောက်လည်း ရှိသေးသည်။ ဟင်နရီနှင့် ဆယ်မြူရယ်တို့သည် ပုံနှိပ်တိုက်ရုံးခန်း၌ အိပ်ကြရ၏။ အပေါ်ထပ်၌နေရသော ဒစ်ဟင်ဟမ်နှင့် ဘရောင်းနဲ့ဆိုသော လူငယ်တစ်ဦးတို့သည် ဆယ်မြူရယ်တို့နှင့် ညနေတိုင်း တွေ့ဆုံကြလေသည်။

လူငယ်လေးဦးတို့ ဆုံမိကြသောအခါ ခုန်ပေါက်မြူးထူးကြကုန်သည်။ အောက်ထပ်၌ ဂီတသင်တန်းပေးသော ဆရာတစ်ဦးနေလေသည်။ ဂီတဆရာသည် ဆယ်မြူရယ်တို့ကြောင့် ခဏခဏအနှောင့်အယှက်ဖြစ်သဖြင့် အပေါ်ထပ်သို့ လာကာ ဆူပူကြိမ်းမောင်းလေသည်။ သို့သော် ဆယ်မြူရယ်တို့က ပို၍ ဆိုးလာကြ၏။ နောက်ဆုံး၌ ဂီတဆရာသည် ခြောက်၍ မရမှန်းသိသောအခါ၌ ချော့ရလေတော့သည်။ အနုနည်းကို သုံးခြင်းအားဖြင့် များမကြာမီ ဆယ်မြူရယ်တို့လူသိုက်သည် ဂီတသင်တန်းတက် တပည့်များဖြစ်သွားကြလေတော့သည်။

mgyoe.com

mgyoe.com


ဆယ်မြုရယ်သည် ဂီတပညာ၌ ထူးချွန်ခြင်းကားမရှိ။ သို့သော် ရယ်စရာပြောတတ်ခြင်း၊ လေးလေးပင်ပင်နှင့် စကားပြောတတ်ခြင်းပင်ကိုဉာဏ်ကောင်းခြင်းတို့ကြောင့် ဆယ်မြုရယ်သည် လူချစ်လူခင်အလွန်ပေါ၍လာခဲ့လေသည်။ ဤအချိန်တွင် ဆယ်မြုရယ်မှာ အသက် ၂၀ ရှိနေလေပြီ။ မိန်းကလေးမိတ်ဆွေများစွာထား၏။ သို့သော် မည်သူ့ကိုမျှ လက်ထပ်ရန် စိတ်မကူးသေးဘဲ တွဲလာသမျှ မိန်းကလေးများကို အလိုက်သင့် အလျားသင့်ကြည့်၍ ပြေပြေစ်စွာ ဆက်ဆံနေ၏။

ဆယ်မြုရယ်သည် စာအလွန်ဖတ်၏။ ညအချိန်သို့ရောက်ပြီဆိုလျှင် ဆယ်မြုရယ်သည် အိပ်ရာထဲ၌ အတော်ကြီးညဉ့်နက်အောင်ပင် စာဖတ်လေ့ရှိပေသည်။ ထိုအကျင့်မှာ သေသည်အထိ ပါ၍သွားသော အကျင့်ဖြစ်လေသည်။ ညအချိန် စာဖတ်သောအခါ၌ ဆယ်မြုရယ်သည် ဆေးတံသောက်လေ့ရှိ၏။ သူ့ဆေးတံမှာ ကုလားဆေးတံကဲ့သို့သော ဆေးတံကြီး ဖြစ်၏။ ဆေးအိုးကို ကြမ်းပြင်ပေါ်၌ ချထားပြီး ရော်ဘာပြွန်နှင့်အိပ်ရာပေါ်ကနေ၍ ရှူဖွာရသော ဆေးတံဖြစ်လေသည်။ ဆယ်မြုရယ်သည် မလိုအပ်လျှင် နည်းနည်းကလေးမှ လှုပ်ရှားချင်သောသူမဟုတ်။ အလွန်ပျင်းရိသူ ဖြစ်လေသည်။ တစ်ည၌ သူ့ဆေးတံကြီးက ဆေးအိုးတွင် မီးသေ၍သွား၏။ ဆယ်မြုရယ်သည် မီးထ၍ညှိရန်ပျင်းရိ၍နေလေသည်။ ထိုအခိုက်တွင်အပေါ် ထပ်၌နေသော ဘရောင်းနဲအပြင်ဘက်မှ ပြန်လာသောခြေသံကို ကြားရလေသည်။ ဆယ်မြုရယ်က ဘရောင်းနဲရေ...လာပါဦး...ဟင်နရီကလည်း အိပ်နေပြီ။ ကိုယ့်မှာဒုက္ခတွေ့နေလို့ကွ။ ကိုယ့်ဆေးတံကို မီးညှိပေးမယ့်လူလိုနေပြီ"ဟု လှမ်းခေါ်၏။ ဘရောင်းနဲက "မင်းဘာသာ မင်း မီးညှိပါလား"ဟု ပြန်ပြောလိုက်သောအခါ ဆယ်မြုရယ်က "မင်းပြန်လာတော့ မယ်ဆိုတာကို သိလို့ စောင့်နေတာပေါ့ကွ"ဟု ပြော၏။ ဘရောင်းနဲသည် မီးခြစ်ခြစ်၍

mgyoe.com

mgyoe.com


ဆေးအိုးကို မီးညှိပေးရင်း "မင်း ဖတ်နေတဲ့စာအုပ်က ဘာလဲကွ"ဟု မေးလိုက်၏။ ဆယ်မြူရယ်က "ရယ်စရာစာအုပ်ပဲကွ။ ဒါပေမဲ့ သိပ်မနိုပ်လှပါဘူး။ တစ်နေ့ကျရင် ဒီစာအုပ်ထက် ရယ်စရာကောင်းတဲ့စာအုပ်မျိုး ငါရေးမယ်"ဟု ပြောလိုက်သောအခါ ဘရောင်းနဲက ခွက်ထိုးခွက်လန်ရယ်ရင်း "မင့်လို လူပျင်း တစ်ယောက်က စာအုပ် တစ်အုပ်ဖြစ်အောင်များ ရေးနိုင်မှာတဲ့လား"ဟု ဆိုလိုက်လေသည်။ နောင်အခါ နှစ်ပေါင်း အတော်ကြာခဲ့ပြီး၍ ဆယ်မြူရယ်သည် နိုင်ငံကျော် စာရေးဆရာကြီး ဖြစ်လာသောအခါ၌ ကီအိုကပ်မြို့တွင် မိန့်ခွန်း တစ်ရပ်ပေးရသည်တွင် မတ်(ခ်)တွိန်း(ဆင်မြူရယ်)က "ဟောဒီမြို့မှာ လူလိမ်ကြီးတစ်ယောက် ရှိသဗျ။ သူက ကျုပ်ကို စာအုပ်တစ်အုပ်ဖြစ်အောင် ရေးနိုင်မှာ မဟုတ်ဘူးလို့ ဆိုခဲ့ဖူးတယ်။ သူ့နာမည်ကတော့ ဘရောင်းနဲပါပဲ"ဟု ရယ်ဖွယ်ဖွဲ့၍ ထည့်သွင်းပြောဆိုလေသည်။

အစ်ကိုဖြစ်သူ အိုရီယွန်ကလီးမင်းသည် အလုပ်လုပ်ကိုင်ရာတွင် ကြီးပွားတိုးတက်ရေးကို ရှေ့ရှုခြင်းမပြုနိုင်သည့်အားလျော်စွာ ပုံနှိပ်တိုက် အလုပ်မှာ တဖြည်းဖြည်း လုံးပါးပါး၍ လာတော့သဖြင့် နောက်ဆုံး၌ သူနှင့်အတူတူ လုပ်ဖက်အဖြစ်ဖြင့် ခေါ်ယူထားသော ဆယ်မြူရယ်အား လုပ်ခများ မပေးနိုင်တော့ဘဲရှိ၍ နေလေရာ၊ ဆယ်မြူရယ်မှာ အလုပ်သစ်တစ်ခုကို ရှာကြံရလေတော့သည်။ မိသားစုရှိရာသို့ စာတစ်စောင်ရေးသားပေးပို့ရာတွင် ဆယ်မြူရယ်ကလီးမင်းက သူသည် ကီယိုကပ်မြို့မှ ထွက်ခွာသွားပြီးလျှင် တောင်အမေရိကတိုက် မြောက်ပိုင်းရှိ အမေဇုန်မြစ်ဖျားသို့ သွားမည့် သုတေသီအဖွဲ့နှင့် လိုက်၍သွားတော့မည်ဟု ရေးသားပေးပို့ လိုက်လေတော့သည်။

❐

mgyoe.com

mgyoe.com

[၅]

## အမေဇုန်မြစ်သို့ ခရီးရှည်ကြီး

တောင်အမေရိကတိုက်မြောက်ပိုင်းရှိ အမေဇုန်မြစ်ကြီးတွင် ဆယ်မြို့ရယ် စိတ်ဝင်စား၍ လာရသည်မှာ စာအုပ်တစ်အုပ်ကြောင့်ပင် ဖြစ်လေသည်။ အမေဇုန်မြစ်နှင့် ပတ်သက်၍ စာဖတ်ရင်း ဆယ်မြို့ရယ်သည် အိပ်ရာထဲမှနေ၍ အမေဇုန်မြစ်ဝှမ်းကြီးတစ်လျှောက်တွင် စီးပွားရှာရင်း သူဌေးဖြစ်မည့် နည်းလမ်းပေါင်းစုံတို့ကို စိတ်ကူးယဉ်ချင်တိုင်း ယဉ်နေမိ၏။ အမေဇုန်မြစ်ဝှမ်းကို အမြန်ဆုံးရောက်လျှင် အမြန်ဆုံး သူဌေးဖြစ်မည်ဟုလည်း ယုံကြည်၍နေလေသည်။ အမေဇုန်မြစ်ဝှမ်းသို့သွားရန် စိတ်အားထက်သန်လွန်းနေသဖြင့် ဆယ်မြို့ရယ်သည် လက်တွေ့တွင် မည်ကဲ့သို့ ခရီးစရိတ်ရှာဖွေ၍ မည်သည့်နည်းနှင့် သွားရမည်ဆိုသော အသေးစိတ်ကိစ္စများကိုပင် မတွေးတောမိလောက်အောင်ပင် ရှိ၍နေလေတော့သည်။ ဤကဲ့သို့ စိတ်အားထက်သန်မှုများ ဖြစ်ပေါ်လာရသည်မှာကား ဆယ်မြို့ရယ်၏ မိဘများလက်ထက်ကပင် ထားရှိခဲ့သော စိတ်ဓာတ်မှ ပေါက်ဖွား

mgyoe.com